# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ မင်္ဂလာပါခင်ဗျာ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၁၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် သူဦးရေစုစုပေါင်းရဲ့ ၉၅.၈၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယမြောက်ရက်တွင် ခွင့်ပန်ကြားသူများအားလုံး ကိုယ်စား ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော်မှ စုပေါင်းခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ယခင်နေ့က ခွင့်ပန်ကြားထားသူစုစုပေါင်း ၁၄ ဦး၊ ယနေ့ ခွင့်အသစ်ပန်ကြားသူ ၄ ဦး၊ စုစုပေါင်း ခွင့်ပန်ကြားသူ ၁၈ ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်အသစ်ပန်ကြားသူ ၄ ဦး အနက်မှာတော့ -

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးသည် နေမကောင်းပါသဖြင့် ၅-၇-၂၀၁၂ ရက်နေ့မှ ၆-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်ကိုလည်းကောင်း၊

(၂) ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းသည် နေမကောင်းပါသဖြင့် ဆေးဝါးကုသခံရန် ၅-၇-၂၀၁၂ ရက်နေ့မှ ၆-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်ကိုလည်းကောင်း၊

(၃) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေသည် နေမကောင်းပါသဖြင့် ၅-၇-၂၀၁၂ ရက်နေ့ ယနေ့ ကို ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ ၅-၇-၂၀၁၂ ရက်နေ့မှ ၆-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်ကိုလည်းကောင်း အသစ်ပန်ကြားထားရှိပါကြောင်း ကိုယ်စားလှယ်များကိုယ်စား ခွင့်တင်သွင်းအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေ အနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်း အဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်**]**၊

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း လက်ခံရရှိမှုကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြင်ဆင်အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်

ပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ၁၆-၃-၂၀၁၂ ရက်နေ့တွင် ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ၃၀-၆-၂၀၁၂ ရက်နေ့တွင် ရန်ကုန်မြို့ MICT ခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ပြည်သူများနှင့်တွေ့ဆုံရာတွင် လုပ်ငန်းရှင်ပြည်သူများ၏တင်ပြချက်အရ လွှတ်တော်၌ဆွေးနွေးလျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားတွင် ပြန်လည်သုံးသပ်ရန် လိုအပ်လာပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်သို့ ပြင်ဆင်ချက်ဖြင့် ပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဝဏ်လွှာပေးပို့တောင်းခံခဲ့ရာ ၄-၇-၂၀၁၂ ရက်တွင် ပြန်လည်လက်ခံရရှိပါတယ်။ အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီအနေဖြင့် သက်ဆိုင်ရာကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များကိုပါဝင်စေပြီး ပြင်ဆင်အဆိုပြုချက်များနှင့်အတူ လွှတ်တော်သို့ ပြန်လည်တင်ပြရန်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဇလွန်-ခနုဖြူ-ကြိမ်ပင်ဆည်လမ်းပိုင်းအား ပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွတ်(ဇလွန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်အနေနဲ့ ကျွန်တော့်ဒေသနဲ့ဆိုင်တဲ့ မေးခွန်းလေးကို ရှေးလွှတ်တော်များရဲ့ လုပ်ထုံးလုပ်နည်းထုံးစံနှင့်အညီ ကျွန်တော် မေးမှာဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဇလွန်-ခနုဖြူ-ကြိမ်ပင်ဆည်လမ်းပိုင်းမှာ ၃၅ မိုင် ၇ ဖာလုံဟာ ယခင်တုန်းက

ကတ္တရာလမ်းဖြစ်ပါတယ်။ အခုတော့ ချိုင့်ခွက်တွေနဲ့ ကျောက်ချောလမ်းအဆင့်ကို ရောက်နေပါပြီ။ ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရအနေနဲ့ (က) သိပါသလား။ (ခ) သိလျှင် ကတ္တရာလမ်းအဖြစ် ပြန်လည်ပြီးတော့မှ ဆောင်ရွက်ပေးနိုင်ပါမလား။ (ဂ) ရှိတယ်ဆိုရင် ဘယ်ကာလမှာ အပြီးဆောင်ရွက်ပေးနိုင်မှာပါလဲ။ (ဃ) အစီအစဉ်မရှိရင်လည်း ဘာကြောင့်ဆောင်ရွက်မပေးနိုင်ပါသလဲ သိလိုပါတယ်။ ဖြေဆိုမယ့် ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်းပဲ လိုရင်းတိုရှင်းဖြေရင် လုံလောက်ပါတယ်။ ကျွန်တော် ကျေလည်းကျေနပ်ပါတယ်လို့ တင်ပြလိုပါတယ်။ ဒါကတော့ ဘာလဲဆိုရင် (က) သိရင်သိတယ်လို့ပဲ ပြောလို့ရပါတယ်။ (ခ) အစီအစဉ်ရှိရင် ရှိတယ်လို့ ပြောလို့ရပါတယ်။ (ဂ) အစီအစဉ်ရှိတယ်ဆိုရင် ဘယ်တော့ပြီးမလဲဆိုရင်လည်း ဒီလောက်ဖြေရင်ရပါတယ်။ (ဃ)ကတော့ လုပ်နေပြီဖြစ်တဲ့အတွက် ဖြေဆိုရန် မလိုပါလို့ ပြန်ဖြေရင် လုံလောက်ပါကြောင်းနှင့် ကျေနပ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည့်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းတဲ့ ဇလွန်-ဓနုဖြူ ကြိမ်ပင်ဆည် လမ်းပိုင်းပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြပါမယ်။ ဒီလမ်းပိုင်းအနေနဲ့ ပျက်စီးမှုအနေအထားကိုလည်း ဝန်ကြီးဌာနအနေနဲ့သိရှိပါတယ်။ (ခ)အနေနဲ့ ဒီလမ်းကိုလည်း ပြင်ဆင်ဖို့ အစီအစဉ်ရှိပါ တယ်။ ပြင်လည်းပြင်ဆင်နေပါတယ်။ ဒီနှစ်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၀၀၀ နဲ့ အခြေခံလွှာ ၂ မိုင် ၅ ဖာလုံ ကတ္တရာအဆင့်အထိ ခင်းဖို့နှင့် ခွဲကျောက်နဲ့ခင်းပြီးတော့ ကတ္တရာအဆင့်ထိ လုပ်ဖို့အတွက် ၇ မိုင် ၇ ဖာလုံ လမ်းပေါက်ဖာပြီးတော့ ရေပိတ်လွှာလောင်းတဲ့အထိ ၁ မိုင် ၂ ဖာလုံ၊ စုစုပေါင်း ဒီနှစ်ထဲမှာ ၁၁ မိုင် ၆ ဖာလုံ ကတ္တရာလမ်းအဆင့် ရောက်ရှိမှာဖြစ်ပြီးတော့ ကျန်တဲ့ ၈ မိုင် ၄ ဖာလုံခွဲကိုတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်

ရန်ပုံငွေနှင့် ကတ္တရာလမ်းတစ်ခုလုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ကော့ကရိတ်-တောင်ကြာအင်း-မဲသရော-ကြာအင်းဆိပ်ကြီးလမ်း အဆင့်မြှင့်တင်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသူရိန်ဇော် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်နှစ်ခုကို ဆက်သွယ်ထားတဲ့ ကျောက်ကြမ်း လမ်းစုစုပေါင်း ၄၄ မိုင် ၇ ဖာလုံကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကော့ကရိတ်-တောင်ကြာအင်း-မဲသရော-ကြာအင်းဆိပ်ကြီးကိုဆက်သွယ်ထားတဲ့ အရှည် ၄၄ မိုင် ၇ ဖာလုံရှိတဲ့လမ်းဟာ ယခင်က ကတ္တရာလမ်း ၁၁ မိုင် ၂ ဖာလုံရှိပါတယ်။ ကျောက်ကြမ်းလမ်းက ၂ မိုင် ၁ ဖာလုံရှိပါတယ်။ အမာခံလမ်း ၃၁ မိုင် ၄ ဖာလုံရှိပြီးတော့ ဘားအံကနေ မြဝတီကိုတိုက်ရိုက်သွားလာနိုင်ခြင်း မရှိသေးမီက ကုန်စည်စီးဆင်းမှုအဓိကလမ်းကြောင်း တစ်ခုဖြစ်ခဲ့ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူပြီးတော့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ခဲ့တဲ့လမ်းလည်း ဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ် နောက်ပိုင်းမှ စပြီးတော့ နယ်မြေအခြေအနေအရငြိမ်းချမ်းမှုမရှိတဲ့အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ မဆောင်ရွက်နိုင်တော့ဘဲနဲ့ လမ်းအဆင့်နိမ့်ကျခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါမှာ ကရင်ပြည်နယ် တစ်ခုလုံးဟာ ငြိမ်းချမ်းရေးရရှိလာခဲ့ပြီဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ လမ်းကြောင်းဟာ ကရင်ပြည်နယ်ရဲ့ မြောက်ဘက်ကနေ တောင်ဘက်ကို ဆက်သွယ်ထားတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပြီးတော့ မုဒုံ-မြဝတီလမ်းကြောင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဘားအံ-ကော့ကရိတ်-မြဝတီလမ်းကြောင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့် ဒီလမ်းကိုအဆင့်မြှင့် တင်လိုက်မယ်

ဆိုရင် ကုန်စည်စီဆင်းမှုလည်း မြန်ဆန်လာပါမယ်။ နယ်မြေဖွံ့ဖြိုးတိုးတက်လာခြင်းစတဲ့ အကျိုးကျေးဇူးတွေလည်း ပြည်သူလူထုအနေနဲ့ ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ကျွန်တော် ၂၀၁၂ ခုနှစ် ဧပြီလ ၇၊ ၈၊ ၉ ရက်တွေက မြို့နယ်မဲဆန္ဒရှင်ပြည်သူတွေနဲ့သွားပြီးတွေ့တဲ့အခါမှာ အမာခံလမ်းရှိပြီးဖြစ်တဲ့ ယင်းလမ်းကို အဆင့်မြှင့်တင်ပေးဖို့ နယ်မြေလူထုကလည်း အားလုံးဝိုင်းဝန်းကူညီကြပါမယ်ဆိုပြီးတင်ပြခဲ့ပါတယ်။ ဒါကြောင့် ဒီလမ်းမှာရှိတဲ့ တောင်ကြာအင်းနှင့် မြောက်ကြာအင်းကြားမှာရှိတဲ့ ဟောင်သရောမြစ်ကူးတံတားခန့်မှန်း အကျယ် ၇၀၀ ပေ ရှိပါတယ်။ လောလောဆယ်မဆောင်ရွက်နိုင်သေးရင်လည်း အမာခံရှိတဲ့လမ်းကြောင်းကို အဆင့်မြှင့်တင်ပေးခြင်းနှင့်ပတ်သက်ပြီးတော့ အစီအစဉ်ရှိ၊ မရှိနှင့် မရှိသေးပါကလည်း ဦးစားပေးစဉ်းစားပေးနိုင်ပါရန် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ် နှစ်မြို့နယ်မှာရှိတဲ့ ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်မှ မေးမြန်းတဲ့ ကော့ကရိတ်-တောင်ကြာအင်း-မဲသရော-ကြာအင်းဆိပ်ကြီး ဆက်သွယ်ထားတဲ့ လမ်းပိုင်းအနေအထားကို ကျွန်တော် တင်ပြပါ့မယ်။ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်မဲသရောမြို့နယ်၊ ကော့ကရိတ်မြို့နယ်တို့ကိုဆက်သွယ်ဖောက်လုပ်ထားတဲ့ ကော့ကရိတ်- တောင်ကြာအင်း-မဲသရော-ကြာအင်းဆိပ်ကြီးလမ်းဟာ ၄၇ မိုင် ၂ ဖာလုံ ရှည်လျားပါတယ်။ ကတ္တရာလမ်းပိုင်းအနေနဲ့ ၁၃ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၂ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၃၁ မိုင် ၄ ဖာလုံရှိပါတယ်။ ဒီလမ်းပိုင်းမှာ မုဒုံ-မြဝတီလမ်းပိုင်းမှာပါဝင်ပြီးတော့

ကော့ကရိတ်-လှိုင်းကွယ်အပိုင်း ၈ မိုင် ၇ ဖာလုံကို အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီ လီမီတက်မှ BOT စနစ်နဲ့ ဆောင်ရွက်လျက်ရှိပြီးတော့ လှိုင်းကွယ်-တောင်ကြာအင်း-မဲသရော အပိုင်း ၂၆ မိုင် ၃ ဖာလုံကိုတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘားအံခရိုင်ကနေပြီးတော့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် တံတားအမှတ် ၂/၅၈ ဘေလီသစ်သားတံတားကို (၃၃၀ ပေရှည်တဲ့ လှိုင်းကွယ်တံတားကို) ဆွေးမြေ့နေနဲ့သစ်သားအပိုင်း ၇၅ ပေအား အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနှင့် လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မဲသရော-ကြာအင်းဆိပ်ကြီးလမ်းပိုင်းကတော့ ၁၂ မိုင်ရှည်လျားပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းအား ၁၈ ပေချဲ့တာ ၂ ဖာလုံ၊ ၁၈ ပေအကျယ်ကတ္တရာလမ်းကို အနိမ့်အမြင့်ဖြေပြီး ကတ္တရာရေပိတ်လွှာလောင်းတာ ၁ မိုင် ၁ ဖာလုံ၊ မူလမြေလမ်းကို ၁၂ ပေအကျယ်ကျောက်ချော လမ်းခင်းတာ ၁ မိုင်တို့ပြီးစီးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာလည်း ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၀၀ ရရှိထားပြီးတော့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအပြင် ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ လမ်းတံတားပြင်ဆင်ထိန်းသိမ်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကော့ကရိတ်-တောင်ကြာအင်း-မဲသရော-ကြာအင်းဆိပ်ကြီးလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်ပြီး ဆက်လက်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ် ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။(ညြဘာသံများ)

**ပင်မတံတားကြီး၏ အပေါ်ထည်ပြီးစီးအောင် တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်း သွားမှာကတော့ ဘိုကလေးမြစ်ကူးတံတားနဲ့ ၎င်းနဲ့ဆက်စပ်နေတဲ့လမ်းများ အမြန်တည်ဆောက်

ပေးနိုင်ရေးအတွက် တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးမှာ အထောက်အကူဖြစ်စေဖို့ ဧရာဝတီလမ်းကွန်ယက်ဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် လမ်းမကြီး၁၁ လမ်းကို အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိပါတယ်။ အဓိကလမ်းမကြီး ၃ လမ်းဖြစ်တဲ့ ပင်လယ်ကမ်းခြေဒေသများနဲ့လည်း ဆက်သွယ်ထားတဲ့ လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်းကဒုံကနိလမ်း၊ လမ်းအမှတ်(၆) ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းနဲ့ လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းမကြီး(၃)လမ်းဟာ ၎င်းတို့ကို ဆက်စပ်ပေါင်းကူးရာမှာ ဘိုကလေးမြစ်ကို ကျော်ဖြတ်ရမှာဖြစ်တဲ့အတွက် ယခင်အစိုးရလက်ထက်က နိုင်ငံတော်၏ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့မှ အမိန့်အမှတ်(၁/၂၀၁၀)ဖြင့် ဘိုကလေးမြစ်ကူးတံတားကို ၂၀၁၀ ခုနှစ်မှာ စတင်အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့ပါတယ်။ ဘိုကလေးမြစ်ကူးတံတားဟာ စုစုပေါင်းအရှည် ၃၅၅၃ ပေ၊ အကျယ် ၃၄ ပေနဲ့ တံတားခံနိုင်ဝန်ဟာ ၇၅ တန်ရှိမယ့် တံတားတစ်စင်းဖြစ်ပါတယ်။ ယခုအခါမှာ မြစ်ကမ်းနှစ်ဖက်မှာ ချဉ်းကပ်တံတားများနဲ့ ရေလည်တိုင်များ တည်ဆောက်ခြင်းလုပ်ငန်း လုံးဝပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ တံတားတည်ဆောက်ခြင်းလုပ်ငန်းရဲ့ ၆၅ ရာခိုင်နှုန်းကျော် တည်ဆောက် ပြီးစီးနေပြီဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဘိုကလေးမြစ်ကူးတံတားကြီးနဲ့ ၎င်းနဲ့ ဆက်စပ်နေတဲ့ လမ်းများကို အမြန်ဆုံးဆက်လက်တည်ဆောက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်အားထားနေကြပါတယ်။ ကျွန်တော်တို့ ဘိုကလေးမြို့နယ်ဟာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်စည်းစိမ်ပေါင်းမြောက်များစွာ ဆုံးရှုံးခဲ့ရတဲ့ဒေသဖြစ်ပြီး ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးအားထားပြုခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်မှာ ရေလမ်းခရီးကို အသုံးပြုခဲ့ကြသလို အသက်ဆုံးရှုံးမှု အလွန်များပြားခဲ့ပြီး ယခုအချိန်အထိ စိုးရိမ်ထိတ်လန့်နေကြဆဲဖြစ်ပါတယ်။ ၁၁-၄-၂၀၁၂ ရက်နေ့က အင်ဒိုနီးရှားမြေငလျင်လှုပ်ရှားမှုမှာ ဆူနာမီသတိပေးချက်ထွက်ပေါ်လာသည့်အချိန် ဒေသခံပြည်သူများမှာ စိုးရိမ်ကြောင့်ကြစိတ်များနှင့်အတူ လမ်းမကြီးများနှင့် ဘိုကလေးမြစ်ကူးတံတားကို အမြန်ဆက်လက်တည်ဆောက်ပေးရန် အထူးဆန္ဒပြင်းပြ

လျက်ရှိနေကြပါတယ်။ သို့ပါ၍ ဘိုကလေးမြစ်ကူးတံတားကို အမြန်ဆက်လက်တည်ဆောက်ရေး လုပ်ငန်းမှာ ကျန်ရှိနေသေးတဲ့ ပင်မတံတားကြီးအပေါ် ထည်တည်ဆောက်ခြင်းလုပ်ငန်းဟာ အမြန်ပြီးစီးအောင် တည်ဆောက်ပေးမည့်အစီအစဉ် ရှိ၊ မရှိကို ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိတဲ့ ဘိုကလေးတံတားကြီး အမြန်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ ကို မေးမြန်းတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသအတွင်း ဧရာဝတီလမ်းကွန်ယက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလမ်းမကြီး(၁၁)လမ်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဘိုကလေးမြစ်ကူးတံတားကြီးဟာ အဓိကလမ်းမကြီး(၃)လမ်းဖြစ်တဲ့ လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်း ကဒုံကနိလမ်း၊ လမ်းအမှတ်(၆) ဘိုကလေး-ထော်ပိုင်-အမာလမ်းနဲ့ လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြေဘွေးမြလမ်းမကြီး (၃)ခုကို ဆက်စပ်ပေါင်းကူးတဲ့ အဓိကကျတဲ့ တံတားဖြစ်ပါတယ်။ ၁-၇-၂၀၁၀ ရက်နေ့မှာ လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ပြီးတော့ ယခုအခါမှာ လုပ်ငန်းတစ်ခုလုံးရဲ့ (၆၇.၅%)ပြီးစီးနေပြီ ဖြစ်ပါတယ်။ တံတားကြီးဟာ စုစုပေါင်း(၄၀၀၅)ပေရှိပြီးတော့ ပင်မတံတားမှာ (၂၁၀၆)ပေ ရှိပါတယ်။ ယခုအခါမှာ ရေလည်တိုင်(၇)တိုင်မှာ ကန့်လန့်ဖြတ် ယက်မအထိ ကွန်ကရစ်လုပ်ငန်းများ အားလုံးပြီးစီးလျက် ရှိပါတယ်။ မူလချဉ်းကပ်တံတား(၂၄)ခန်းဟာလည်း အားလုံးပြီးစီးနေပါပြီ ထပ်မံတိုးချဲ့ပြီးတော့ ချဉ်းကပ်တံတား(၉)ခန်းကိုလည်း ကျွန်တော်တို့ ဘိုးပိုင်(၂၄)လုံးနဲ့ ဆောင်ရွက်နေပြီး ဖြစ်ပါတယ်။

ပင်မတံတားကြီးအတွက် သံမဏိသံပေါင်(၁၁၂)မီတာ ၄ ခန်းနဲ့ ၉၆ မီတာ နှစ်ခန်း စုစုပေါင်း သံမဏိသံပေါင်ခြောက်ခန်းကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ သံမဏိစက်ရုံ (မြောင်းတကာ)ကနေ ထုတ်လုပ်ပေးရန် မှာကြားထားပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်တွင် ဧရာဝတီတံတား(မလွန်)အတွက် သံပေါင်များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီး ထုတ်လုပ်နေပါတယ်။ ဒီဟာပြီးလို့ရှိရင် တစ်ဆက်တည်း ဘိုကလေးတံတားအတွက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်လုပ်ပေးရန်ရှိပြီးတော့ ရရှိပါက အစီအစဉ်နဲ့အတူ ၂၀၁၃ ခုနှစ်၊ မေလကုန်မှာ တပ်ဆင်ပြီးစီးရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းတစ်ခုလုံး ခန့်မှန်းခြေတန်ဖိုးမှာ ကျပ်သန်း (၁၃၃၁၆)ဖြစ်ပြီးတော့ စီမံကိန်းစတင်တဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ဒီနှစ် (၂၀၁၂-၂၀၁၃)ဘဏ္ဍာနှစ်အထိ ခွင့်ပြုရရှိပြီးတဲ့ ရန်ပုံငွေစုစုပေါင်းမှာ ကျပ်သန်း(၇၆၇၀) ဖြစ်တဲ့အတွက် ကျပ်သန်း(၅၆၄၆)ထပ်မံလိုအပ်ပါတယ်။ လိုအပ်သော ရန်ပုံငွေနှင့် သံမဏိ သံပေါင်များ အချိန်မီရရှိရေးကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။(ညြဘာသံများ)

**အရန်ဆန်ဝယ်ယူသိုလှောင်ထားခြင်း၏ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ နိုင်ငံတော်ကနေ အရန် ဆန်ဝယ်ယူသိုလှောင်တယ်ဆိုတဲ့ကိစ္စကို မေးခွန်းနည်းနည်းပါးပါး မေးချင်တာပါ။ နိုင်ငံတော်က အရန် ဆန်ဝယ်ယူသိုလှောင်စဉ်တုန်းက ဈေးအနေနဲ့ တင်း ၁၀၀ ကို ၂၈၀၀၀၀ လောက်အမြင့်ဆုံးရှိပါတယ်။ ဒီကနေ့ စပါးပေါက်ဈေးက တင်း ၁၀၀ ကို ၄၀၀၀၀၀ လောက်ရှိပါတယ်။ ဒီလိုအချိန်၊ ဒီလိုကာလ ရောက်တဲ့အခါမှာ တောင်သူလယ်သမားလက်ထဲမှာလည်း စပါးလုံလုံလောက်လောက် နောက်ထပ် ရောင်းဖို့ မရှိတော့ဘူးဆိုတာမျိုး အသံလည်းထွက်ပါတယ်။ တစ်ဖက်ကနေပြီးတော့ တောင်သူ လယ်သမားတွေမှာ ကြွေးကိုမဆပ်နိုင်လို့ နိုင်ငံတော်သမ္မတကြီးဆီကို သဝဏ်လွှာပေးပို့တာမျိုး၊ အသနားခံစာပေးပို့မျိုးတွေလည်း ကြားရပါတယ်။ ဂျာနယ်တို့မှာလည်းဖော်ပြီးတော့ ထုတ်ဖော်ပြော

ကြားမှုမျိုးကိုလည်း ကျွန်တော်ကြားပါတယ်။ အဲဒီတော့ကာ ကျွန်တော်က ဒီအချိန်မှာ ပြန်စဉ်းစားမိတာက နိုင်ငံတော်က ဝယ်ယူသိုလှောင်ထားတဲ့ အရန်ဆန်တွေက တစ်ဖက်မှာပေါ့လေ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာရှိတဲ့ စားသုံးသူပြည်သူတွေ ကြားမှာလည်းပဲ ဆန်ဈေးကတက်နေပါတယ်။ ဒီဝယ်ယူထားတဲ့ အရန်ဆန်ပမာဏ ဘယ်လောက်ရှိသလဲဆိုတာကို ကျွန်တော်သိရှိလိုပါတယ်။ ဒီဝယ်ယူထားတဲ့ အရန်ဆန်ရဲ့ ရည်ရွယ်ချက်က အခုလို ကုန်ဈေးနှုန်းတက်တဲ့အခါမှာ ပြန်လည်ပြီးတော့ ထိန်းညှိနိုင်ဖို့အတွက် ဈေးကွက်ချရောင်းပြီး ကုန်ဈေးနှုန်းငြိမ်အောင် လုပ်ပေးဖို့များဖြစ်ပါသလား။ Open Market Operation ဖြစ်ပါသလား။ အဲဒါမျိုးကိုလည်း ကျွန်တော်သိချင်ပါတယ်။ တစ်ဖက်မှာ ကျွန်တော်လေ့လာတဲ့အခါကျတော့ တောင်သူလယ်သမားတွေအပေါ်မှာ ကုမ္ပဏီပိုင်းကနေချေးထားတဲ့ ငွေတွေနဲ့ ပတ်သက်လို့ကတော့ တစ်မျိုးကြားသလို နိုင်ငံတော်ပိုင်းကနေ ချေးထားတဲ့ ငွေတွေကလည်း ဒီနှစ်တော့ တစ်ဦးတည်းချေးပေးပါတယ်။ ယခင် ၂၀၀၀၀ လောက်ကနေပြီးတော့ ၄၀၀၀၀ အထိ နှစ်ဆတိုးချေးပေးပြီး နောက်ပိုင်းမှာ ၅၀၀၀၀ အထိ တိုးချေးပေးတာတွေလည်း ကျွန်တော်ကြားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခုနက ဆပ်မဆပ်ဆိုတဲ့ကိစ္စမှာလည်းပဲ နိုင်ငံတော်က ထုတ်ပြန်ချက်အားဖြင့်ကတော့ ကျပ်သန်းပေါင်း ၃၀၀၀ ကျော်လောက်ပဲ ကျန်တယ်လို့ ကျွန်တော်တို့ကြားပါတယ်။ စုစုပေါင်းကတော့ ကျပ်သန်းပေါင်း ၃၀၀၀၀၀ ကျော်လောက် ထုတ်ချေးထားတယ်လို့ ကြားပါတယ်။ အဲဒီတော့ ဒီကိစ္စအဝဝဟာ ကျွန်တော်တို့နိုင်ငံမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်လာတာက နိုင်ငံတည်ကတည်းကပါပဲ။ နိုင်ငံမတည်ခင်ကတည်းကပါပဲ။ အဲဒီတော့ ဒီကိစ္စတွေအားလုံးဟာ အနည်းထိုင်ဖို့သင့်ပြီလို့ ကျွန်တော်မြင်ပါတယ်။ အနည်ထိုင်ဖို့အတွက် ကျွန်တော်တို့က ဒီမှာနည်းလမ်းတစ်ခုကတော့ စီးပွားရေးပညာနည်းလမ်းပါတယ်။ အုပ်ချုပ်ရေးနည်းလမ်းလည်းမှန်ပါတယ်။ အရန်ဆန်ဝယ်ယူထားပြီးတော့ နိုင်ငံတော်ကနေပြီးတော့ ဈေးကွက်ကို Intervention လုပ်တယ်။ သဘောတရားလေးတွေပေါ့လေ။ ဒါနဲ့ပတ်သက်လို့ သက်ဆိုင်ရာကနေပြီးတော့ကာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်လောက်ပမာဏကို ဝယ်ယူထားပြီးတော့ ဆက်လက်ပြီးတော့ ဆန်စပါးဈေးနှုန်း၊ ဆန်ဈေးနှုန်း၊ စပါးဈေးနှုန်းတည်ငြိမ်ဖို့အတွက် တောင်သူလယ်သမားတွေလည်းပဲ သူတို့မှာကတော့ ပေါ်တာနဲ့ ရောင်းရတော့တာပါပဲ။ အဲဒီအချိန်မှာပဲ ဈေးကကျတာပဲ။ သူတို့လက်ထဲမှာ စပါးကုန်သွားတဲ့အခါမှာ ဈေးကတက်လာပါတယ်။ အဲဒီတော့ သူတို့မှာလည်းပဲ ဆင်းရဲခြင်းသံသရာနဲ့ လုံးလည်လိုက်နေပါတယ်။ ဒီကိစ္စမျိုးတွေ ဖြေရှင်းနိုင်ဖို့အတွက် သက်ဆိုင်ရာကနေပြီးတော့ အရန်ဆန်ဝယ်ယူသိုလှောင်ထားရှိခြင်းနဲ့

ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လေးဆွေးနွေးပေးပါလို့ ဖြေကြားပေးပါလို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် မေးမြန်းထားတဲ့ နိုင်ငံတော်မှ အရန်ဆန်ဝယ်ယူထားရှိခြင်းသည် ဆန်စျေးတက်ပါက စျေးကွက်အတွင်း ရောင်းချခြင်းဖြင့် စျေးနှုန်းပြန်လည်ထိန်းညှိရန် ရည်ရွယ်ပါသလား။ ပို့ကုန်အတွက် ရည်ရွယ်ပါသလား။ သိလိုပါကြောင်း မေးမြန်းခြင်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနကို ရောက်ရှိခဲ့တဲ့ ဦးကြည်မြင့်ရဲ့ မေးမြန်းချက်က ဤမျှသာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့လွှတ်တော်ထဲမှာမေးမြန်းထားတဲ့ တချို့အချက်များမှာ ကျွန်တော်ရဲ့အဖြေမှာ မကာမိရင်တော့ ကျွန်တော်ကို ခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့ ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့အဓိကစားသုံးသီးနှံ (Staple Food) ဖြစ်ပြီးတော့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာစားသုံးမှုနှုန်း အများဆုံးနိုင်ငံထဲမှာပါဝင်တာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆန်စျေးနှုန်းအလွန်အမင်းမြင့်တက်ခြင်းဟာ စားသုံးသူပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်လာနိုင်တဲ့နည်းတူ ဆန်စျေးနှုန်းအလွန်အမင်းကျဆင်းခြင်းဟာလည်း စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူလယ်သမားများ တွက်ခြေကိုက်မှုမရှိဘဲ စိုက်ပျိုးထုတ်လုပ်မှုပမာဏများ လျော့နည်းသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများရဲ့ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း တောင်သူလယ်သမားများနှင့် စပ်လျဉ်းသည့် အခြေခံရမည့် မူများချမှတ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံရမည့်မူများနှင့်အညီ စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ

သင့်တင့်မျှတတဲ့ အကျိုးအမြတ်ရရှိရန် ပြည်သူများစိတ်လက်ချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရန် နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက လိုအပ်သလို ထုတ်နှုတ်သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်အရန်ဆန်ဝယ် ယူရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးမှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှာ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲမှာ စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုအဖြစ် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်အရန်ဆန်အဖြစ် ထားရှိသွားရန်ဟု လမ်းညွှန်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးလမ်းညွှန် ချက်နှင့်အညီ နိုင်ငံတော်မှ ငွေကျပ် ၁၀ ဘီလီယံ၊ ဗဟိုသမဝါယမအသင်းမှ ငွေကျပ် ၁၀ ဘီလီယံ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ငွေကျပ် ၁၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၀ ဘီလီယံ ထည့်ဝင်စေရန် လျာထားပြီး နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီးတော့ စပါးများဝယ်ယူပေးခဲ့ပါတယ်။ မိုးစပါးကို တင်း ၁၀၀ မှာ ၃၃၀၀၀၀ ကျပ်နှုန်း၊ နွေစပါးကို တင်း ၁၀၀ မှာ ၃၂၀၀၀၀ ကျပ်နှုန်းများနဲ့ဝယ်ယူပေးခဲ့ပါတယ်။ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီရဲ့ စာရင်းဇယားများ အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့အထိ မိုးစပါး တင်း ၁၃ သိန်းကျော် ဝယ်ယူရရှိပြီးဖြစ်ပါတယ်။ မိုးစပါးနှင့် နွေစပါးမှာ စုစုပေါင်း ဆန်တန်ချိန်အနေနဲ့ ၃၃၀၀၀ ကျော် ကြိတ်ခွဲရရှိပြီးဖြစ်ပါတယ်။ အရန်ထားရှိခြင်းရဲ့ မူလရည်ရွယ်ချက် အရ တောင်သူလယ်သမားများ၏အကျိုး၊ စားသုံးသူပြည်သူများ၏အကျိုးကို ရည်ရွယ်ထားရှိခြင်း ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကြည်မြင့်ရဲ့ မေးခွန်းမှာပါရှိတဲ့အတိုင်း ရာသီဥတုအခြေအနေ အရသော်လည်းကောင်း သဘာဝဘေးအန္တရာယ်များအပါအဝင် အခြားမမျှော်မှန်းနိုင်သော အရေးပေါ်အခြေအနေများကြောင့်လည်းကောင်း စားသုံးသူဈေးကွက်အတွင်းမှာ ဆန်ပြတ်လပ်မှုများ ဖြစ်ပေါ်ပါက ပြည်တွင်းစားသုံးမှုအဆင်ပြေစေရေးအတွက် အရန်ဆန်များအား ဈေးကွက်အတွင်းမှာ ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်။ အကယ်၍ ပြည်တွင်းဖြန့်ဖြူးမှုအတွက်မလိုအပ်တဲ့အချိန် မျိုးမှာ ပိုလျှံတဲ့အရန်ဆန်များကိုတော့ ပြည်ပသို့တင်ပို့ရောင်းချသွားရန် ရည်ရွယ်ထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အုတ်လုပ်ငန်းဇုန်များသတ်မှတ်ခွင့်ပြုပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည့်တော်များ အားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမယ့်မေးခွန်းကတော့ ၂၀၁၅ မှာ ဖြစ်ပေါ်လာမယ့် AFTA အတွက် မျှော်လင့်ပြီး တော့မှ ဝန်ကြီးဌာနများအနေနဲ့ အထေက်အကူဖြစ်စေမှုဖို့နဲ့ လေ့လာမှုသိရှိစေဖို့အတွက် အုတ်လုပ်ငန်း နှင့်ပတ်သက်ပြီးတော့ မေးမြန်းမှာ ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အခွင့်အလမ်းပိုမိုများပြားလာသည်နှင့်အမျှ နိုင်ငံတော်အတွင်းမှာ SOE လုပ်ငန်းတွေ၊ SEZ တွေ၊ SME တွေနဲ့ စက်ရုံအလုပ်ရုံတိုက်တာအဆောက်အဦတွေ အလုံးအရင်းနဲ့စတင်ပြီးတော့ တစ်နှစ် ထက်တစ်နှစ်တိုးပွားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာခင်မှာဲ အင်အားအလုံးအရင်းနဲ့ ဝင်ရောက်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ရှိနေပြီဖြစ်ပါတယ်။ ဒီနေရာမှာConstruction လုပ်ငန်းများအတွက် အဓိက မရှိမဖြစ်လိုအပ်တာ အုတ်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ယခင် နိုင်ငံတော်ပိုင် အုတ်လုပ်ငန်းများရဲ့ထုတ်လုပ်မှုမှာ Production အားနည်းတဲ့အတွက်ကြောင့် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှုမပေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် ပြည်သူများအနေနဲ့ ပြင်ပအုတ်လုပ်ငန်း ကိုသာ အားကိုးပြီး အဆောက်အဦတွေ ဆောက်လုပ်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြင်ပအုတ် လုပ်ငန်း ဆောက်လုပ်တဲ့နေရာမှာလည်း စနစ်တကျအစီအမံမရှိခဲ့တဲ့အတွက်ကြောင့် လန ၃၉ ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ အဆင်ပြေသလို ညှိနှိုင်းပေးကမ်းပြီးတော့ လုပ်ကိုင်ခွင့် အုတ်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ သို့သော် ယနေ့ စနစ်တကျနဲ့ဖမ်းဆီးအရေးယူတွေ ပြုလုပ်တဲ့အတွက်ကြောင့် အခြေခံအကျဆုံး လို့ဆိုရမယ့် အုတ်လုပ်ငန်းဟာ တစ်စတစ်စပျောက်ကွယ်ပြီးတော့ ဈေးနှုန်းဟာလည်း တဖြည်းဖြည်းနဲ့ မြင့်မားလာမှာ ဖြစ်ပါတယ်။ အဓိကကတော့ အရည်အသွေးမမီတဲ့အုတ်တွေကို အသုံးပြုနေကြရတာ ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်ရဲ့အုတ်ဈေးနှုန်းကို ကြည့်မယ့်ဆိုရင် ယခနှစ်က အစိုးရစက်ရုံက ထုတ်ပေးတဲ့စက်ပေါင်းအုတ်ဟာ ၁၃၀ ဖြစ်ပါတယ်။ ယနေ့ ၃၀၀ ဖြစ်ပါတယ်။ ပြင်ပကနေထုတ်တဲ့ ရှစ်ပေါက်စက်အုတ်တွေဟာ ယခင် ၈၀ ကျပ်ဖြစ်ပြီး ယနေ့ ၁၀၀ ကျပ် အထက် ဝန်းကျင်မှာ ဖြစ်ပါတယ်။ လက်အုတ်တွေကတော့ ယခင် ၆၀ ကျပ်ဖြစ်ပြီးယနေ့မိုးရာသီဖြစ်လို့ ၇၅ ကျပ် ဈေးနှုန်းလောက်ရှိကြောင်း သိရပါတယ်။ အုတ်လုပ်ငန်းအခက်အခဲကြောင့် ယနေ့ ဘိလပ်မြေနှင့် ထုတ်တဲ့အုတ်များလည်း ပေါ်လာပါပြီ။ သို့သော် အသုံးပြုရာမှာတော့ ကန့်သတ်ချက်တွေရှိတဲ့

အတွက်ကြောင့် အသုံးပြုဖို့ နည်းပါးတာကိုတွေ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီအုတ်နဲ့ ပတ်သက်လို့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ နိုင်ငံသားအများအပြားရှိပါတယ်။ အုတ်ဖိုတစ်ဖိုကို လေ့လာကြည့်ရင် ဝန်ထမ်း ၅ဝ ကနေ မှီခိုသူ အပါ အဝင် ၂ဝဝ ဝန်းကျင်လောက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာပင် အုတ်လုပ်ငန်းနဲ့ မှီခိုစားသောက်နေထိုင်တဲ့ လုပ်သားပြည်သူ ၁ဝဝဝဝ နီးပါးလောက်ရှိတာ တွေ့ရပါတယ်။ မိဘအလုပ်လုပ်နိုင်တဲ့အချိန်မှာတောင် အစားအသောက်မမှန် လူနေမှုဘဝနိမ့်ကျပြီး တော့ ပညာရေးအခွင့်အလမ်း မရှိဖြစ်နေတဲ့ ဒီလုပ်သားပြည်သူများဟာ ယနေ့ လုပ်ငန်းများ ရပ်တန့်သွားတဲ့အတွက်ကြောင့် နိုင်ငံတစ်ဝန်းမှာ များစွာသော အုတ်လုပ်ငန်းများဟာ မိသားစု ရေရှည်ဘဝရပ်တည်ဖို့အတွက် အခက်အခဲများစွာနဲ့ ကြုံတွေနေရတာကိုလည်း တွေ့ရမှာဖြစ် ပါတယ်။ နောက်တစ်ချက်ကတော့ အုတ်လုပ်ငန်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်တယ်လို့ ဆိုပါတယ်။ သို့ပါသော်လည်း ယနေ့ နည်းပညာတိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ဘဲနဲ့ တစ်စနဲ့တစ်စ ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်ခြင်းနှင့် ထုတ်နိုင်တဲ့ အနေအထားရှိတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ အုတ်လုပ်ငန်းရှင်များအတွက် မေးမြန်းပေးခြင်း ဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်တဲ့အခါမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံပစ္စည်းဟာ အုတ်ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းဒေသအသီးသီးမှာ အုတ်လုပ်ငန်းလုပ်ကိုင်သူများစွာရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါ အုတ်လုပ်ငန်းလုပ်ကိုင်သူတွေရဲ့ သားသမီးအများစုဟာ မိဘပြောင်းရွှေ့လုပ်ကိုင်နေရမှုကြောင့် ပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရတာကိုလည်း တွေ့ရပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ ယနေ့အချိန်ကာလမှာ အုတ်လုပ်ငန်းဟာ ယခင်ကာလများကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲနဲ့ စွန့်ပစ်မြေ၊ ဘေးထွက်လောင်စာ၊ သဘာဝဓာတ်ငွေ့တို့ကို အသုံးပြုပြီး ထုတ်လုပ်လာတာ ကိုလည်း တွေ့ရပါတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အုတ်လုပ်ငန်း လုပ်ကိုင်သူများစွာဟာ အရေးယူခံခြင်းများလည်း ကြုံတွေ့နေရပါတယ်။ နိုင်ငံတော်မှာ ထုတ်လုပ်တဲ့ အုတ်နဲ့လုံလောက်မှုမရှိတဲ့အတွက် ဘိလပ်မြေနဲ့လုပ်တဲ့အုတ်တွေလည်း ပေါ်လာပါတယ်။ သို့သော် လုပ်ငန်းတိုင်းမှာ အသုံးပြုလို့ မရနိုင်တဲ့အတွက်ကြောင့် အုတ်လုပ်ငန်းဟာ နိုင်ငံတော်အတွက် ယနေ့ လာမည့် ၂ဝ၁၅ မှာ တိုးတက်လာမယ့် လုပ်ငန်းများအတွက်လည်း မရှိမဖြစ်လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်း(၁)အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ နယ်မြေသတ်မှတ်ပြီးတော့ အုတ်လုပ်ငန်းဇုန်များသတ်မှတ်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ။ မေးခွန်း(၂)အနေနဲ့ အုတ်လုပ်ငန်း

လုပ်ကိုင်နေတဲ့ မိသားစုတွေ ရေရှည်ဘဝရပ်တည်ဖို့အတွက် နိုင်ငံတော်က မည်သို့စဉ်းစားဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ညြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဖော်ပြပါမေးခွန်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အနေနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော လုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းကို ထိခိုက်မှုမရှိစေသော လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သင့်လျော်သည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ အုတ်လုပ်ငန်းများဟာ မြေအမျိုးအစားအရ နေရာအနှံ့ကို ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းဖြစ်ခြင်း၊ လိုအပ်သည့် မြေအမျိုးအစားအလိုက် လိုအပ်သောအုတ်ဖိုများ စုစည်းဆောင်ရွက်ခြင်း လုပ်ငန်းသဘောရှိသဖြင့် နိုင်ငံတော်အနေနဲ့ အုတ်လုပ်ငန်းဇုန်အဖြစ် သတ်မှတ်တည်ဆောက်ရန် ခွင့်ပြုခြင်းမရှိဘဲ အုတ်ဖိုစုများအဖြစ်သာ ခွင့်ပြုထားပါတယ်။ ထို့ကြောင့် တိုင်းဒေသကြီးပြည်နယ်အသီးသီးတွင် နယ်မြေသတ်မှတ်၍ အုတ်လုပ်ငန်းဇုန်အဖြစ် သတ်မှတ်ခွင့်ပြုရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါ။ မြေအုတ်လုပ်ငန်းများမှာ လုပ်ငန်းသဘာဝအရ ကုန်ကြမ်းအတွက် မြေသား လိုအပ်မှုအပြင် အုတ်ဖုတ်ရန်အတွက် ထင်းလောင်စာလည်း များစွာလိုအပ်သည့်အတွက် လေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာခန်းခြောက်စေနိုင်မှုစသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အခြေအနေများ ပိုမိုတိုးမြင့်ဖြစ်ပေါ်လာနိုင်သည့် လုပ်ငန်းမျိုးဖြစ်ပါတယ်။ နိုင်ငံတကာတွင် မြေကြီးကို အခြေခံသောအုတ်လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ အဆင့်မြင့်နည်းပညာဖြစ်သော အပေါ့စားသဲအုတ်လုပ်ငန်းဖြစ်သည့် Autoclaved Aerated Concrete နှင့် Autoclaved Pressed Concrete တို့ဖြင့် အစားထိုးဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာန အနေဖြင့် အဆိုပါ နည်းပညာများဖြင့် ဆောင်ရွက်သော အပေါ့စားသဲအုတ်လုပ်ငန်းကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး Public Private Partnership စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိပါတယ်။ အဆိုပါ နည်းပညာပိုင်းဆိုင်ရာများကို စိတ်ဝင်စားတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များအား

စက်ရုံများတည်ထောင်လုပ်ကိုင်နိုင်ရန် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ ၎င်းစက်ရုံများ ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အုတ်လုပ်ငန်းဆောင်ရွက်ရာတွင် အစဉ်အဆက်နှစ်စဉ်အမြဲ ဆောင်ရွက်လေ့ ရှိသဖြင့်လည်းကောင်း၊ အနီးဆုံးရွာတွင် ပညာရေး၊ ကျန်းမာရေးအတွက် ဆောင်ရွက်နိုင်သဖြင့် လည်းကောင်း၊ အုတ်ရာသီ မဟုတ်သောအချိန်များတွင် အများအားဖြင့် နီးစပ်ရာမိမိရပ်ရွာမှာပင် နေထိုင်ကြသဖြင့် လည်းကောင်း၊ အုတ်လုပ်ငန်းလုပ်ကိုင်သူ မိသားစုများ၏ ဘဝရပ်တည်ချက်မှာ ခိုင်မာမှုရှိပါသဖြင့် ၎င်းတို့အတွက် သီးခြားစီမံဆောင်ရွက်ထားခြင်းမရှိသေးပါကြောင်းနှင့် လိုအပ်သည့် အကူအညီတောင်းခံတင်ပြလာပါက ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**မောက်မယ်မြို့နယ်ထွက် ဂေါ်ဒန်ကျောက်များ၏ အသုံးဝင်ပုံ၊ အသုံးပြုပုံနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျန်းမာရွှင်လန်း ကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်မှ ထွက်ရှိသော တွင်းထွက်ပစ္စည်းများနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်၏ မေးမြန်းချက်များအား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၏ အရှေ့တောင်ဘက်တွင် ဂေါ်ဒန်ကျောက်၊ စကျင်ကျောက်နှင့် မြေစေးဖြူများ ထွက်ရှိပြီး ယနေ့ထိ တူးဖော်လုပ်ကိုင်လျက်ရှိပါသည်။ စကျင်ကျောက်များကို အလှဆင်ရုပ်ထုများ ထုလုပ်ပြီး ဂေါ်ဒန်ကျောက်များကို စက်မှုဝန်ကြီးဌာနနှင့် ပုဂ္ဂလိကများမှ လာရောက်ဝယ်ယူလျက် ရှိပါသည်။ ယခုအခါ ကုမ္ပဏီများမှ လုပ်ပိုင်ခွင့်များ လာရောက်လျှောက်ထားကြပြီး တူးဖော်လုပ်ကိုင် နေကြသည်ကို တွေ့ရှိနေရပါသည်။ မောက်မယ်မြို့နယ်မှ ထွက်ရှိသော ဂေါ်ဒန်ကျောက်၊ စကျင်ကျောက် နှင့် မြေစေးဖြူတို့ကို အခြေခံ၍ ကုန်ထုတ်စက်ရုံများတည်ထောင်ခြင်း၊ လုပ်ကိုင်ခွင့်ပေးခြင်းတို့ဖြင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူ ပြုပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မောက်မယ်မြို့နယ်မှ ထွက်ရှိသော တွင်းထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါမေးခွန်းနှစ်ရပ်ကို မေးမြန်းလိုပါသည်။ မေးခွန်း (၁)

စက်မှုဝန်ကြီးဌာနမှ ဝယ်ယူလျက်ရှိသော မောက်မယ်မြို့နယ်ထွက် ဂေါ်ဒန်ကျောက်များ၏ အသုံးဝင်ပုံ၊ အသုံးပြုပုံ နှင့် တွင်းထွက်အဆင့်အတန်းတို့ကို သိရှိလိုပါသည်။ မေးခွန်း (၂) မောက်မယ်မြို့နယ်မှ ထွက်ရှိသော တွင်းထွက်ကုန်ကြမ်းများကို အခြေခံ၍ နိုင်ငံတော်မှ ကုန်ထုတ်စက်ရုံကြီးများ လာရောက်တည်ထောင်ပြီး ရင်းနှီးမြှုပ်နှံရန် အစီအစဉ် ရှိ၊ မရှိတို့ကို သိရှိလိုပါသဖြင့် လွှတ်တော်မှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖေါင်းဆိုင်ဟိန်းရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်မှ ထွက်ရှိသောဂေါ်ဒန်ကျောက်များသည် စက်မှုကုန်ကြမ်းသုံးတွင်းထွက် အမျိုးအစားဖြစ်ပြီး အဖြူရောင် Alabaser အမျိုးအစားဖြစ်၍ သန့်စင်မှု (Purity) ရာခိုင်နှုန်း ၉၉.၃၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်ထွက် ဂေါ်ဒန်ကျောက်များအား ကြိတ်ခွဲအမှုန့်ပြုလုပ်ပြီး သတ်မှတ်အချိုးအစားအတိုင်း ရေနှင့်ရောစပ်၍ ကြွေထည်မြေထည်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပုံစံခွက် (Mould) များပြုလုပ်ရာ၌ လည်းကောင်း၊ ဘိလပ်မြေသုံးကုန်ကြမ်းအဖြစ်လည်းကောင်း၊ ဆေးရုံသုံးPlaster of Paris (P.O.P) ပလာစတာအဖြစ် လည်းကောင်း အသုံးပြုနိုင်ပါတယ်။ ၎င်းတွင်းထွက်ကုန်ကြမ်းများကို အခြေခံပြီးနိုင်ငံတော်မှ ကုန်ထုတ်စက်ရုံကြီးများ လာရောက် တည်ထောင်ပြီး ရင်းနှီးမြှုပ်နှံရန်ကိစ္စနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံရမည့်တန်ဖိုးနှင့် ဈေးကွက်အရ ပြန်လည်ရရှိမည့်တန်ဖိုးတို့ကို ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပါသောကြောင့် လောလောဆယ်ဆောင်ရွက်အရန် အစီအစဉ်မရှိသေးပါကြောင်း ဖော်ပြအပ်ပါသည်။ အဆိုပါကုန်ကြမ်းများကို အသုံးပြုပြီး Gypsum Board, Plaster of Paris (P.O.P) အစရှိသည်တို့ကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအနေဖြင့် နည်းပညာ၊ အရည်အသွေး၊ ဈေးကွက်နှင့်ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုများအား လေ့လာဆန်းစစ်ပြီး စက်ရုံများ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စက်စဲကျေးရွာ အ.ထ.ကကျောင်းခွဲအား အထက်တန်းကျောင်းအဆင့်သို့တိုးမြှင့်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးမြန်းချက်ကတော့ သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာ အ.ထ.ကကျောင်းခွဲအား အထက်တန်းကျောင်းသို့အဆင့်သို့ စာသင်နှစ်အမီမြှင့်တင်ရန်အစီအစဉ်ရှိ၊ မရှိသိလိုပါ ၍မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ် မြို့နယ်၊ စက်စဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို ၂၀၀၃-၂၀၀၄ ပညာသင် နှစ်မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်ထိဆိုလျှင် ရှစ်နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ နှစ်အလိုက် ကျောင်းသားဦးရေတိုးတက်လာခဲ့ရာ ပြီးခဲ့တဲ့စာသင်နှစ် ၂၀၁၁-၂၀၁၂ တွင် အထက်တန်းကျောင်းအဆင့် ကျောင်းသားကျောင်းသူ ၁၉၀ ဦးခန့်၊ အလယ်တန်းနှင့် မူလတန်း ၅၆၀ ခန့်ရှိပြီး စုစုပေါင်း ကျောင်းသားကျောင်းသူဦးရေမှာ ၇၅၀ ခန့်ရှိပါတယ်။ လာမည့်နှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းသားဦးရေထပ်မံတိုးမြင့်လာမည်ဖြစ်ပါသည်။ ကျေးရွာနေ ပြည်သူများမှ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍ဖြစ်ဖြစ် လူသားအရင်းအမြစ်ဖွံ့ဖြိုးရန်ဝိုင်းဝန်းပံ့ပိုးကြရာ၌ ကျောင်းဆောက်ရန်မြေဝယ်ယူလှူဒါန်းပေးပြီး အထက်တန်းကျောင်းအဆင့်မီ ကျောင်းဆောင်များ ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဤကျေးရွာနှင့် နီးစပ်လျက်ရှိသောကျေးရွာများမှာ မူလတန်း ကျောင်း ၇ ကျောင်းနှင့် မူလွန်ကျောင်း ၁ ကျောင်းတို့မှ စက်စဲအထက်တန်းကျောင်းခွဲသို့နှစ်စဉ် ကျောင်းသားကျောင်းသူများ စဉ်ဆက်မပြတ် ဖြည့်တင်းလျက်ရှိပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်စဲအထက်တန်းကျောင်းခွဲသည် သံဖြူဇရပ်မြို့မှ ၁၀ မိုင်ကွာဝေးပြီး ကျိုက္ခမီမှ ၁၅ မိုင်ကွာဝေးသော ပင်လယ်ကမ်းစပ်ရွာကြီး ဖြစ်ပါတယ်။ ဒီ့အပြင် ကမ်းခြေသယ်ပို့စခန်း၊ အနားဖြေခန်းများဖြင့်

စည်ကားသော ရွာကြီးဖြစ်ပြီး နိုင်ငံတကာခရီးသည်များလည်း လာရောက်သော နေရာလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စည်ကားသိုက်မြိုက်သေအကျေးရွာရှိ အထက်တန်းကျောင်းခွဲအား ကျောင်းသားဦးရေ ပြည့်စုံပြီး အဆောက်အဦလုံလောက်သည့်အနေအထားဖြစ်သည့်အတွက် လာမည့် ၂၀၁၃-၂၀၁၄ စာသင်နှစ်အမီ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ ကျေးရွာလူထုတင်ပြချက်နှင့် ကျောင်းအကျိုးတော်ဆောင်တို့တင်ပြချက်အား ၎င်းတို့ကိုယ်စား ကျွန်တော် ဦးသိန်းအောင် သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တာဝန်ရှိသူများသိရှိနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျွန်တော့်အနေနဲ့ ရိုသေလေးစားပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာနဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ဖြေကြားရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးကတော့ အထက်တန်းအဆင့်ကျောင်းသား ၁၉၀ လို့ပြောသွားပါတယ်။ ကျွန်တော်တို့စာရင်းဇယားမှာတော့ ၁၀၂ ဦးသာရှိပါတယ်။ လောလောဆယ်ကျွန်တော်တို့ လေးနှစ်စီမံချက်အရကျောင်းသားအရေအတွက် အထက်တန်းအဆင့်ကျောင်းသား ၂၀၀ အထက်ကို ပထမစဉ်းစားပါတယ်။ ကျွန်တော်တို့ လောလောဆယ်အနေအထားကတော့ ဒီနှစ်မှာတော့ မပေးနိုင်သေးပါဘူး။ ၁၉၀ မှန်မယ်ဆိုရင်တော့ နောက်နှစ်မှာတော့ ပြန်စိစစ်ပြီးတော့ ပေးနိုင်မယ့်အနေအထားရှိပါတယ်။ တစ်ပါတည်းပဲ လက်ရှိကျင့်သုံးနေတဲ့ အထက Section ပေးတဲ့စနစ်မူလေးကို ကိုယ်စားလှယ်များအားလုံးကို ရှင်းလင်းတင်ပြခွင့်ပြုပါ။ အထက်ဆင့်ကျောင်းသားဦးရေများရာမှ နည်းရာ ၂၀၀ ဦးအထက်ကို အထက်တန်း Packer ပေးဖို့အတွက်လျာပါတယ်။ ၂၀၀၊ ကျောင်းသား ၅၀ ဖြစ်တဲ့အတွက် ၄ ခန်းဖြစ်ပြီးတော့ အထက်တန်းကျောင်း Packer တစ်ခုဟာ

ဆရာဆရာမအနည်းဆုံး ၈ ဦး(ကာယဆရာအပါအဝင်)ခန့်ပေးရပါတယ်။ ၈ ဦးမှာ ၄ ခန်းဖြစ်တဲ့အတွက် ၄ ဦးနား ၄ ဦးစာသင်ခန်းဝင်တဲ့အတွက် အားလုံးစာသင်ချိန်ဟာ ဆရာ ၁ ဦး ၁၈ ချိန်သင်ကြားရမှာဖြစ်ပါတယ်။ ၈ ဦးထဲက ၁ ယောက်က နာမကျန်း/သာရေးနာရေးဖြစ်မယ်ဆိုရင် ၇ ဦးနဲ့သင်ကြားတဲ့အခါမှာ ၁ ပတ်စာသင်ချိန် ၂၀ ချိန်စီသင်ကြားပေးရမှာဖြစ်ပါတယ်။ ကျောင်းသား ၂၀၀ ဦးနဲ့အထက် တစ်ပြည်လုံးပြည်ထောင်စုချုပ်အနေနဲ့ စုစုပေါင်း ၂၆၂ ရှိပါတယ်။ အထက်ခွဲပေါင်းဟာ ၁၁၁၅ ကျောင်းရှိပါတယ်။ ၂၀၀ အောက်ဖြစ်သော်ငြားလည်း ပင်မကျောင်းနဲ့အလှမ်းကွာဝေးလွန်းခြင်း၊ မြစ်ချောင်းအင်းအိုင်သဘာဝအတားအဆီးများရှိခြင်း၊ နယ်စပ်ဝေးလံဒေသဖြစ်ခြင်း၊ အခြားသောအထူးကိစ္စရပ်များရှိခြင်းတို့အတွက် ၂၀ ရာခိုင်နှုန်းသီးခြားခွင်းချက်နဲ့ ကျွန်တော်တို့လျာပါတယ်။ လာမယ့်လေးနှစ်အတွက် အထက်တန်းကျောင်းခွဲ ၁၁၁၅ ကျောင်းက ကျောင်းသားအရေအတွက်ကို မူတည်ပြီးပေးမယ့်ကျောင်းက ၂၆၂ ကျောင်း၊ သတ်မှတ်အရေအတွက် မပြည့်သော်လည်း ၅၂ ကျောင်း၊ စုစုပေါင်း ၃၁၄ ကျောင်းပေးဖို့လျာထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကလည်း ခွင့်ပြုပြီးဖြစ်ပါတယ်။ အခုတင်ပြတဲ့ စက်စဲကျောင်းလေးဟာ ၁၉၀ လည်းဖြစ်မယ်။ ဆက်သွယ်ရေးကလည်း ၁၀ မိုင်၊ ၁၅ မိုင်ဝေးတဲ့အတွက်လာမယ့်နှစ်မှာတော့ ခြွင်းချက်မှာပါတဲ့ ၂၀ ရာခိုင်နှုန်းမှာ မွန်ပြည်နယ်အတွင်းက ခြွင်းချက်စာရင်းဦးစားပေး အစီအစဉ်နဲ့ သက်ဆိုင်ရာဒေသအာဏာပိုင်နဲ့ ဆောင်ရွက်ပြီးတော့ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်မယ်ဆိုရင် ဒီစက်စဲကျောင်းသည်လာမယ့် ပညာသင်နှစ်မှာတော့ Packer အထက ဖြစ်ဖို့အတွက်နီးစပ်ကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဘော်ဒေကျေးရွာအလယ်တန်းကျောင်းအားအထက်တန်းကျောင်းခွဲအဖြစ်အဆင့်တိုးမြှင့်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့အကျိုးနှင့် ပြည်သူ့အကျိုးအတွက် မေးမြန်းသည့်မေးခွန်းများကို ဖြေဆိုရန်ရောက်ရှိလာကြသော သက်ဆိုင်ရာ

ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း၏ရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ မိုးမောက်ကျေးရွာအုပ်စု၊ ဘော်ဒေကျေးရွာ အနေဖြင့် မိုးမိတ်မြို့မှ ၁၈ မိုင်ကွာဝေးပြီး ဘော်ဒေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကို ၁၉-၉-၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ယနေ့အချိန်အထိ ၁၇ နှစ်ကြာမြင့်ပြီး ဗမာ လူမျိုး၊ ကချင်လူမျိုး၊ လီဆူးလူမျိုး၊ လားဟူလူမျိုးစသဖြင့် တိုင်းရင်းသားပေါင်းစုံ စည်းလုံး ချစ်ကြည်စွာဖြင့် မိမိ၏ရင်သွေးငယ်များ ပညာရည်နို့သောက်စို့ရာနေရာလည်း ဖြစ်ပါတယ်၊ အဆိုပါမိုးမောက်ကျေးရွာ အုပ်စုဘော်ဒေအခြေခံပညာ အလယ်တန်းကျောင်းအနေဖြင့် မိုးမောက်ကျေးရွာအုပ်စုမှကျေးရွာ ၃ ရွာ၊ နမ်းပွတ်ကျေးရွာအုပ်စုမှကျေးရွာ ၃ ရွာ၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုမှ ၉ ရွာ၊ ပုသိမ် ကျေးရွာအုပ်စုမှ ၁ ရွာ၊ စုစုပေါင်းကျေးရွာ ၁၆ ရွာ၏ဗဟိုဖြစ်ပြီး အခြေခံပညာအလယ်တန်းကျောင်း ၂ ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း(မူလွန်ပါ) ၁၄ ကျောင်းတို့မှ ကျောင်းသူ ကျောင်းသားများအပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မိုးမောက် ကျေးရွာအုပ်စု ဆာဒင်ကျေးရွာတွင် တွဲဖက်အခြေခံပညာမူလတန်းကျောင်းနှင့် သစ်ဆိမ့်ကုန်း ကျေးရွာ၊ ဝဲပေါင်း၊ ငှက်ပျောတောရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းတို့အား ပညာရေး ဝန်ကြီးဌာနမှအသိအမှတ်ပြု ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါကျေးရွာပေါင်း ၁၈ ရွာမှ ကျောင်းသူ ကျောင်းသားတို့ မီခိုအားထားရာကျောင်း ၁ ကျောင်းလည်း ဖြစ်ပါတယ်။ မိုးမောက်ကျေးရွာ အုပ်စု၊ ဘော်ဒေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ အခြေခံပညာအလယ်တန်းအဆင့်သင်ယူပြီးပါက အခြေခံပညာအထက်တန်းအဆင့် သင်ယူနိုင် ရန်အတွက် အဆိုပါဘော်ဒေကျေးရွာနှင့် ၈ မိုင်ခန့်ကွာဝေးသော မကျည်းပင်အထကသို့ လည်းကောင်း၊ ၁၆ မိုင်ခန့်ဝေးကွာသော ညောင်ပင်စောက်အထကနှင့် ၁၈ မိုင်ခန့်ဝေးကွာသော မိုးမိတ်မြို့အထကကျောင်းများသို့ သွားရောက်ပညာဆက်လက်သင်ကြားရပါတယ်။ ယင်းသို့ ပညာသင်ကြားရာမှာ ကျောင်းသူကျောင်းသား ၁ ယောက်နေထိုင်တည်းခိုစားသောက်စရိတ်ဟာ ကျောင်းဝေယျာဝစ္စမပါ ၁ လလျှင် ၆၀၀၀၀ မှ ၁၀၀၀၀၀ အထိကုန်ကျသဖြင့် ပညာသင်ယူ

နေကြသော အခြေခံပညာအလယ်တန်းအောင်သူ တိုင်းရင်းသားများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်ကိုသင်ယူနိုင်ရန် အခွင့်အလမ်းနည်းပါးလျက်ရှိသည်ကိုလည်း တွေ့နေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း ကျောင်းအပ်နှံရေးနေ့ များနှင့် ၁၉-၅-၂၀၁၂ ရက်နေ့မှာ မိုးမောက်ကျေးရွာအုပ်စု၊ ဆာဒင်ကျေးရွာတွဲဖက်အခြေခံပညာ မူလတန်းကျောင်းအား ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုကျောင်းဖွင့်ပွဲတွင် အဆိုပါကျေးရွာ အုပ်စုများရှိကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံရာတွင် ဘော်ဒေကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲရရှိပါက အနီးပတ်ဝန်းကျင်မှ အခြေခံပညာအလယ်တန်းအောင် ကျောင်းသူကျောင်းသားများမှာ အခြေခံပညာအထက်တန်းအဆင့်သို့သင်ယူရန် အဆင်သင့်ရှိ နေကြောင်းနှင့် အစစအဆင်ပြေစေရန်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာဆက်လက်သင်ယူ မည့်ကျောင်းသားကျောင်းသူမှာ ၁၀၀ ဦးခန့်ရှိမည်ဖြစ်ကြောင်းသိရှိခဲ့ရပါတယ်။ အဆိုပါ မိုးမောက်ကျေးရွာအုပ်စု၊ ဘော်ဒေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား သက်ဆိုင်ရာဌာနမှ သတ်မှတ်ချက်ပြည့်စုံသည့်ကျောင်းဖြစ်သည့်အတွက် အထက(ခွဲ)အဖြစ်တိုးမြှင့်ရန်တင်ပြထားသော်လည်း ယနေ့တိုင်မရရှိသေးပါ။ အဆိုပါကျောင်းအနေဖြင့် မိုးမိတ်-တွင်းငယ်-မန္တလေး ကားလမ်းမပေါ်တွင်ရှိခြင်း၊ အနီးပတ်ဝန်းကျင်ရွာများမှ နွေမိုးဆောင်းရာသီမရွေးသွားလာနိုင်ခြင်း၊ Building လည်းရှိခြင်းစသဖြင့် အဘက်ဘက်မှ အခြေခံပညာအထက်တန်းအဆင့် သင်ယူလိုသော ကျောင်းသူကျောင်းသားများအတွက် ပညာသင်ယူမှုအခက်အခဲမရှိနိုင်ကြောင်းလည်းသိရပါတယ်။ သို့ဖြစ်ပါ၍ မိုးမိတ်မြို့နယ်၊ မိုးမောက်ကျေးရွာအုပ်စု၊ ဘော်ဒေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်တွင်တိုးမြှင့်ပေးမည်ကိုသိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအေးကျူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဒုတိယဝန်ကြီးအနေနဲ့ ဆက်လက်တင်ပြဖြေကြားမှာဖြစ်ပါတယ်။ လက်ရှိ ပြည်ထောင်စုချုပ်အနေနဲ့ အလယ်တန်း ကျောင်းစုစုပေါင်း ၁၀၂၄ ကျောင်းရှိပါတယ်ခင်ဗျား။ လာမယ့်ပညာသင်နှစ်လေးနှစ်အတွက် အလယ်တန်းကျောင်းသားအဆင့် ၃၀၀ နဲ့အထက်ရှိတဲ့ကျောင်းများကို ပေးဖို့လျာထားတဲ့အခါမှာ စုစုပေါင်း ၃၇၅ ကျောင်းရှိပါတယ်။ ကျောင်းသားသတ်မှတ်ချက်မပြည့်သော်လည်း ဆက်သွယ်မှု ဝေးလံခေါင်းပါးခြင်း၊ သဘာဝအတားအဆီးရှိခြင်းစသည့်အခက်အခဲများကိုဖူးစည်ပြီးမှ ၇၅ ကျောင်းကို အထက်တန်းကျောင်းခွဲပေးဖို့လျာထားပါတယ်။ ယခုတင်ပြတဲ့ကျောင်းကတော့ သတ်မှတ် အရေအတွက်မမီသော်ငြားလည်း သဘာဝအတားအဆီးနှင့် ပင်မကျောင်းနဲ့အလှမ်းကွာဝေးလွန်း မယ့် ဦးစားပေးအစီအစဥ်လျာထားချက်မှာထည့်သွင်းမယ်ဆိုရင် လာမယ့် ၂၀၁၃-၂၀၁၄ စာသင် နှစ်မှာ ထက်ခွဲခွင့်ပြုပေးနိုင်မှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော် အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့်ပတ်သက်ပြီး လေးနှစ်စီမံချက်နဲ့ဆောင်ရွက် မယ့် အခြေအနေလေးကိုအကျဥ်းချုပ်တင်ပြလိုပါတယ်။ အထက်တန်းကျောင်းသားအရေ အတွက်နဲ့ လေးနှစ်စီမံချက်အတွက် လျာထားချက်က ၂၆၂ ကျောင်းဖြစ်ပြီးတော့ သတ်မှတ်အရေ အတွက်မပြည့်မီသော်လည်း နယ်စပ်ဝေးလံခက်ခဲ၊ အတားအဆီးစသည့်ထူခြားတဲ့ဖြစ်စဥ်နဲ့ စုစုပေါင်း ၅၂ ကျောင်း၊ အားလုံး Packer အထက်တန်းကျောင်းကပညာသင်နှစ် လေးနှစ်ကာလ အတွက် ၃၁၄ ကျောင်းလျာထားစီမံချက်ရေးဆွဲပြီးဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အလယ်တန်းကျောင်း Packer ၃၈၁ ကျောင်း၊ မူလတန်းကျောင်း Packer ၁၀၁၄ ကျောင်း၊ စုစုပေါင်း ၁၇၀၉ ကျောင်းကို လေးနှစ်ကာလအတွင်းမှာ သူ့စနစ်နဲ့ ဦးစားပေးအစီအစဥ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါသည်ကျွန်တော်တို့ အနည်းဆုံး အရေအတွက်သာဖြစ်ပါတယ်။ ဒီအရေအတွက်ထက် နိုင်ငံတော်ဘတ်ဂျက်အနေအထား၊ ပြည်သူ လူထုက ဒီကျောင်းများရဲ့စာသင်ခုံ၊ ပရိဘောဂ၊ သိပ္ပံခန်းစသည်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းမှုများ ပေါင်းစပ်ပြီးလုပ်မယ်ဆိုရင် လက်ရှိကျောင်းအရေအတွက်ထက်ပိုတဲ့ အရေအတွက်ကို ထပ်မံတိုးမြှင့်ဖို့အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြ လိုပါတယ်။ အလားတူပဲ အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းခွဲ၊ မူလတန်းကျောင်းခွဲ၊

မူလတန်းလွန်ကျောင်းအားလုံးပေါင်း ၂၅၈၆ ကျောင်းကို အဆင့်တိုးမြှင့်ပေးဖို့အတွက် လျာထားပြီးဖြစ်ပါတယ်။ လေးနှစ်ကာလအတွက် ၄၂၉၅ ကျောင်းကိုလျာထားပြီးဖြစ်ကြောင်းနှင့် ဒီကျောင်းအားလုံးကို လေးနှစ်မပြည့်ခင် နှစ်နှစ် သို့မဟုတ် သုံးနှစ်နဲ့ပြီးအောင်အဆင့် တိုးမြှင့်ဖို့ ကိစ္စသည် မိဘပြည်သူများရဲ့ကျောင်းအပေါ် ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာပံ့ပိုးမှုက အဓိက အခန်းကဏ္ဍကပါဝင်ပါတယ်။ အလားတူ နိုင်ငံတော်ရဲ့စီးပွားဖွံ့ဖြိုးမှုဘဏ္ဍာငွေခွဲဝေပေးနိုင်မှု အပေါ်လည်းမူတည်ပါတယ်။ လောလောဆယ် လေးနှစ်အတွက် ဆရာလစာတစ်ခုတည်း ကွာခြားငွေသည် ၁၆ ဘီလီယံ နိုင်ငံတော်ကကျခံသွားမှာဖြစ်ကြောင်း၊ ကျောင်းအဆင့်တိုးခြင်းနှင့် ပတ်သက်၍အကျဉ်းတင်ပြအပ်ပါတယ်။ တစ်ဆက်တည်းပဲ မေတ္တာရပ်ခံတင်ပြလိုတာကတော့ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်က ဇွန် ၁ ရက်မှာဖွင့်ပါတယ်။ ကျောင်းအဆင့်တိုးခြင်း၊ ကျောင်း အသစ် Section ပေးခြင်းများသည် ဧပြီလ ကလေးများအောင်စာရင်းမထွက်မီမှာတစ်ပါ တည်း မည်သည့်ကျောင်းကတော့ အထက်တန်းကျောင်းခွဲ၊ မည်သည့်ကျောင်းကတော့ အထက Packer ၊ မည်သည့်ကျောင်းကတော့ မူလွန်စသည်အားဖြင့် ပြည်သူလူထုရော၊ ကလေးတွေရော၊ ကျောင်း အချိုးရောကြေညာနိုင်မယ်ဆိုရင် ကလေးများရဲ့ကျောင်းပြောင်းရွှေ့တာ/အပ်တာ၊ ဆရာဆရာမများခန့်တာအားလုံးသည် အားလုံးချောမွေ့ပြီးတော့ သူ့ပုံမှန်အတိုင်း လည်ပတ် နိုင်မှာ ဖြစ်ပါတယ်။ ဒီနှစ်မှလွဲ၍ လာမည့်နှစ်မှာလည်း လေးနှစ် Plan ဖြစ်ပြီးတဲ့အတွက် ဇန်နဝါရီလောက်ဆိုရင် တစ်ပြည်လုံးအချုပ်သည် နိုင်ငံတော်ကပေးနိုင်မည့် ဘတ်ဂျက်အင်အား၊ ခန့်နိုင်မည့်ဆရာ အရေအတွက်၊ ပြည်သူ့လူထုရဲ့ပူးပေါင်းပါဝင်မှုအင်အားစသည်ဖြင့် အားလုံပေါင်းတွက်ချက်ပြီးတော့ ဧပြီလဆန်းနဲ့ပဲ ကျွန်တော်တို့ ကျောင်း Section များကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် တစ်ပြေးညီဖြစ်ပြီးတော့ အကျိုးထိရောက်မှုလည်း ပိုမိုရှိမှာ ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အခြားတင်ပြရန်မရှိကြောင်း တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ်၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါမည်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ကြပါပြီခင်ဗျား။ အစည်းအဝေးကို ၁၁း၃၀ နာရီမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ အရေးကြီးအဆိုတစ်ရပ် တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့် လက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ ဒါကြောင့် အဆိုတင်သွင်းမယ့် ဦးသိန်းဆွေအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လ အတွင်း ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကျွန်တော်တို့ ပြည်သူများ ထိခိုက်သေကြေခြင်း၊ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှုများစွာနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီပျက်စီးဆုံးရှုံးမှုများအပေါ်ကို နိုင်ငံတော်အနေနဲ့သော်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းများနဲ့ သော်လည်းကောင်း၊ အသင်းအဖွဲ့အစည်းများနဲ့သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့သော် လည်းကောင်း နေ့စဥ်နဲ့အမျှ လှူဒါန်းနေကြတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်းပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူများအတွက် လတ်တလော ရပ်တည်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရတဲ့

နေ့တွက်စရိတ်များထဲက ၁ ရက်တန်သည်၊ ၂ ရက် တန်သည်၊ ၃ ရက်တန်သည်စသဖြင့် အားလုံး သဘောတူညီတဲ့ပမာဏကို သတ်မှတ်ပြီးတော့မှ ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံပြည်သူများအတွက် လှူဒါန်းပေးကမ်းသင့်ပါကြောင်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံပြည်သူများရဲ့ အခြေအနေမှန်များကို သိရှိဖို့နဲ့ တွေ့ဆုံပြီးတော့မှ အားပေးမှုများ ပြုလုပ်ဖို့လည်းပဲ လိုအပ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနဲ့ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှ ထိုက်သင့်တဲ့ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ ရခိုင်ပြည်နယ်ကို စေလွှတ်ကာ ပြည်သူများကို ထိတွေ့ပြီး တွေ့ဆုံအားပေးမှုများ ပြုလုပ်သွားသင့်ကြောင်း လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထပ်ပြီးတော့ပိုမိုရှင်းလင်းအောင် စာနဲ့ရေးသားတင်ပြထားတဲ့ဟာကို ကျွန်တော်ဖတ်ကြားတင်ပြပေးပါမယ်။ အဆိုမှာ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွား ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများသေကြေထိခိုက်ခြင်း၊ နေအိမ်များ၊ ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ၏ လတ်တလော ရပ်တည်နိုင် ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ နေ့တွက်စရိတ် ရရှိငွေများမှ ၂ ရက်စာ သို့မဟုတ် ၃ ရက်စာကို စုပေါင်းလှူဒါန်းသင့်ကြောင်းနဲ့ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ ၏ အခြေအနေမှန်များကိုသိရှိရန် ပြည်သူများနှင့်တွေ့ဆုံအားပေးမှုများ ပြုလုပ်နိုင်ရန်အတွက် ပြည်သူ့ လွှတ်တော်တွင်ဖွဲ့စည်းထားသည့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီနဲ့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းစေလွှတ်ပေးပါရန် ပြည်သူ့လွှတ် တော်သို့ တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော်(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော် များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊

မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ဖြစ်ပါတယ်။ ခုနတုန်းက အမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ တင်သွင်းသွားတဲ့အဆိုကို ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအနေနဲ့ သော်လည်းကောင်း၊ ကျွန်တော့်အနေနဲ့သော်လည်းကောင်း ထောက်ခံပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ နေ့တွက်စရိတ် ရရှိငွေမှ ၂ ရက်စာ သို့မဟုတ် ၃ ရက်စာလို့ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ တိကျ ရှင်းလင်းအောင် လွှတ်တော်ကိုယ်စားလှယ်ထဲမှ ၂ ရက်စာ သို့မဟုတ် ၃ ရက်စာ ကိုရှင်းလင်းအောင် ၂ ရက်စာဆို ၂ ရက် ၃ ရက်စာဆို ၃ ရက်ကို ဆွေးနွေးထောက်ခံပေးဖို့ ထပ်မံဖိတ်ခေါ်ပါတယ်။

**ဦးဌေးဦး(ဟ ⁶ သာတမဲဆန္ဒနယ်** ။ ၃ ရက်စာထောက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ဦးသိန်းဇော်က ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်း ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးသိန်းဆွေ တင်သွင်းသွားတဲ့အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်းဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ⊞ဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ကိုယ်စားလှယ်တစ်ဦး**။ ။ ကျွန်တော် တင်ပြချင်တာကတော့ အနည်းဆုံး ၁၀ ရက် စာလောက် ထောက်ပံ့သင့်တယ်လို့ ကျွန်တော် အဆိုပြုတင်ပြထားပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။လွှတ်တော်ကိုယ်စားလှယ်တွေ က သူဌေးတွေမဟုတ်ပါဘူး။ ၁၀ ရက်စာလောက်တော့ မထောက်ပံ့နိုင်ပါဘူး။ ၃ ရက်စာကို တော်တော် များများပါပြီ။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များက ၁၀ ရက်စာ တာဝန်ယူပြီး ကော်မတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ၃ ရက်စာဆိုရင်သင့်တော်တယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ကျွန်တော်မြင်တာကတော့ လွှတ်တော်မှာ အခု စတုတ္ထအစည်းအဝေးထိ ရောက်လာပြီဆိုတော့ လွှတ်တော်မှာ တက်နေရင်းကနေပြီးတော့ စားဝတ်နေရေးနှင့် ကုန်စျေးနှုန်းက လည်းတက်လာတယ်။ လွှတ်တော်ကိုယ်စားလှယ်ချင်းမှာလည်းပဲ ကျွန်တော်ကရောဂါသည်၊ ရောဂါသည်နေရာမှာလည်း ကျွန်တော်လည်း ဖင်ခေါင်းကျယ်ပြီးတော့ ဒါပြည်သူ့အထောက်အပံ့နဲ့ ဆေးကုမခံဘူး ဘာညာဆိုပြီးတော့ ကျွန်တော်ကလည်း ကိုယ့်အိတ်ထဲက ကိုယ်စိုက်ပြီးတော့၊ ပေးပြီးတော့ ဆေးကုခံတယ်။ ပြီးတော့ လူတိုင်းကလည်းပဲ ခေါင်းမော့ ရင်ကော့ပြီးတော့ သွားရလာရမယ်။ လုပ်ရကိုင်ရမယ်။ ဆေးရုံရောက်ရင် ဆေးရုံးဘယ်လောက် တောင်းမလဲ။ ရော့ ကျရင်ကျသလောက်ပေးလိုက်တယ်။ အဲလိုပုံစံမျိုးနဲ့ နေရထိုင်ရမယ်ဆိုတဲ့ဝါဒကို ယုံကြည်တဲ့လူဖြစ်တယ်။ ကျွန်တော်က ကျွန်တော်ရတဲ့ပိုက်ဆံနဲ့သုံးတယ်။ ကျွန်တော်လောက်အောင် သုံးတဲ့ အနေအထားမျိုးတွေမှာရှိတယ်။ တစ်ဦးချင်းမှာ ပြန်ကြည့်အခါကျ ရင်လည်းပဲ Cooperation အမြဲရှိနေတယ်။ လွှတ်တော်ထဲမှာလည်း Cooperation အမြဲရှိနေမယ်။ ရှိနေတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေဟာလည်း တစ်ယောက်နှင့်တစ်ယောက် ရတဲ့ဝင်ငွေ ချင်းကလည်း မတူကြဘူး။ သူတို့ရဲ့ Market က ရှိနေကြတဲ့အခါကျတော့ သူတို့ရဲ့ Income ကတစ်မျိုး ကျွန်တော်တို့ အသစ်ပေါက်တဲ့လူက တစ်မျိုး ကျွန်တော်တို့က အရင်တုန်းက ပြောရရင် ဒီမိုကရေစီ ဘက်သားဆိုတဲ့အခါကျတော့ သူပုန်အဖြစ်နဲ့မြင်ထားတာလည်းရှိတယ်။ ဒါ ကျွန်တော်တို့ မကြည်ဘူး၊ မခေါ်ချင်ဘူးလို့ ထားခဲ့မယ်ဆိုတာမျိုးရှိတယ်။ နိုင်ငံခြားခရီးဆိုလည်း ကျွန်တော်ခေါ်တယ် ထားခဲ့ တယ်။ အဲဒါမျိုးတွေလည်းရှိနေတဲ့အခါကျတော့ Chances ချင်းကမတူဘူး။ Opportunity ချင်းက မတူဘူး။ Income ချင်းကမတူဘူး။ ခုနက ပြောတဲ့ကိစ္စလေးက အလှူလက်ဖက်နဲ့မျက်နှာလုပ်နေတာ ပဲရှိတယ်။ ကျွန်တော်တို့ကတော့ ၁ ရက်စာလောက်ဆိုရင် ဒါက ကိုယ့်ရခိုင်အမျိုးသားတွေကိုလည်း ကူညီရာရောက်ပါတယ်။ ရခိုင်ဒေသမှာရှိတဲ့ အခြားသော ဘာသာဝင်များလည်း ကူညီရာရောက်ပါ တယ်။ အဲဒီလောက်နဲ့ပဲ သင့်တော်တယ်လို့ ကျွန်တော်ထင်ပါတယ်။ မပြောမပြီး မတီးမမြည်ဆိုတော့ ပြောရဆိုရတီးရပါတယ်ခင်ဗျား။ အဲဒီလောက်ပါပဲ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် မူလအဆိုတင်သွင်းဆုံးဖြတ်ထားတဲ့အတိုင်း လွှတ်တော် ကိုယ်စားလှယ်တွေကတော့ လွှတ်တော်အတိုင်းအတာနဲ့ မိမိတို့ရဲ့နေ့တွက်စရိတ် ၃ ရက်စာ၊ ကျန်တဲ့ စေတနာရှိပြီးတော့ စေတနာအလျောက်လည်း တတ်နိုင်တဲ့သူတွေကတော့ မိမိတို့ရဲ့ စေတနာ အလျောက် ထည့်ဝင်ပေးဖို့ဆိုတဲ့ အဆိုကိုပဲ ကျွန်တော်တင်ပြပါ့မယ်။ ဒါကြောင့် လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများသေကြေထိခိုက်ခြင်း၊ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ နေ့တွက်စရိတ်ရရှိငွေများမှ ၃ ရက်စာကို စုပေါင်းလှူဒါန်းပေးသင့်ကြောင်းနဲ့ စေတနာရှိပြီးတတ်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထပ်ဆောင်းလှူဒါန်းသင့်ကြောင်း ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ၏ အခြေအနေမှန်များကို သိရှိနိုင်ရန် ပြည်သူများနှင့်တွေ့ဆုံအားပေးမှုများပြုလုပ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းသည့်အဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းစေလွှတ်ပေးပါရန် ပြည်သူ့လွှတ်တော်သို့ တိုက်တွန်းသည့် အဆိုအတည်ဖြစ်ကြောင်းနှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်(ကြေဘာသံများ)

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရန် ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသူရိန်ဇော်(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးခင်ဗျား။ ကျွန်တော် ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာ ၃-၅-၂၀၁၂ ကနေပြီးတော့ ၃-၇-၂၀၁၂ အထိ ကာလအတွင်း ကော်မတီရဲ့ဆောင်ရွက်ချက်အစီရင်ခံစာကို ကော်မတီဝင်အားလုံးရဲ့ ကိုယ်စားလွှတ်တော်သို့တင်ပြမှာဖြစ်ပါတယ်။ အားလုံးကိုလည်း စာအုပ်များလည်း ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ပြီးဆုံးတဲ့နေ့မှာ ဥက္ကဋ္ဌကြီးမှ ကျွန်တော်တို့ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို တွေ့ဆုံပြီးတော့ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက်

၂၀၁၂ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်အနေနဲ့ ကျွန်တော်တို့ အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပင်မဘတ်ဂျက်အတည်ပြုပြီးတဲ့နောက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် လိုအပ်သည်များကြိုတင်လေ့လာဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ(ဃ)မှာ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းအတည်ပြုချက်ရယူရမည် ဟု ဖော်ပြထားပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တုန်းက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြည်ထောင်စုအစိုးရအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ကျမှ တင်ပြနိုင်ခဲ့တာကိုတွေ့ရှိရပါတယ်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟာဖြည့်စွက်ခွင့်ပြုငွေ(Supplementary Grant)တောင်းခံခြင်းပင် ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေများကို သုံးစွဲပြီးမှ ခွင့်ပြုမိန့်တောင်းခံခြင်းဟာ အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိပါ။ ပြည်ထောင်စုလွှတ်တော်သို့ ကြိုတင် တင်ပြပြီးတော့ တောင်းခံရမှာဖြစ်ပါတယ်။ ဒါကြောင့် ကော်မတီအနေနဲ့ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဘဏ္ဍာရေးနှစ်(၆)လကျော်ပြီးတဲ့ နှစ်စဉ်အောက်တိုဘာ/နိုဝင်ဘာလများမှာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့တွေ့ရှိချက်ကို ပြည်သူ့ငွေစာရင်းဆိုင်ရာပူးပေါင်းကော်မတီမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ တင်ပြရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

နောက်တစ်ချက်က အမျိုးသားစီမံကိန်းဥပဒေကြမ်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် စီမံကိန်းများ ရေးဆွဲပြီးတော့ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီမံကိန်းတွေဟာ နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည် အမျိုးမျိုးရှိမည်ဖြစ်သော်လည်း နှစ်စဉ်ရေးဆွဲတင်ပြရမတဲ့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနဲ့ ဆက်စပ်လျက်ရှိပါတယ်။ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို အရသုံးခန့်မှန်းခြေ ငွေစာရင်းဥပဒေကြမ်းနှင့်အတူ

တင်ပြခြင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်အနေနဲ့ စိစစ်ချိန်မရတဲ့အပြင် အစိုးရအနေဖြင့်လည်း ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲဖို့ အခက်အခဲရှိတာကို တွေ့ရှိနိုင်ပါတယ်။ အမျိုးသားစီမံကိန်းဥပဒေကြမ်းကိုလည်း ဘတ်ဂျက်လွှတ်တော်မတိုင်မီ ဘဏ္ဍာရေးနှစ်(၆)လကျော်ပြီးတဲ့ နှစ်စဉ် အောက်တိုဘာ၊ နိုဝင်ဘာလများမှာ ခုနက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနှင့်အတူ တင်သွင်းသင့်ကြောင်း ပြည်သူ့ငွေစာရင်းကော်မတီနဲ့ တွေ့ရှိတဲ့အတွက်ကြောင့် ပြည်သူ့ငွေစာရင်းကော်မတီမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေဟာ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှု၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်တဲ့သာမန်အသုံးစရိတ်ကို မိမိတို့အဖွဲ့ရဲ့ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမယ်လို့ ဖော်ပြထားပါတယ်။ ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)မှာလည်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်လည်းကောင်း၊ ချေးငွေဖြင့်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်ဟု ဖော်ပြထားပါတယ်ခင်ဗျား။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေအတွက် လိုအပ်တဲ့သာမန်အသုံးစရိတ်ငွေကျပ် ၁၇၀၀ ဘီလီယံကျော်ကို နိုင်ငံတော်မှ ၄ ရာခိုင်နှုန်းအတိုးနဲ့ ထုတ်ချေးမယ်လို့ ဘဏ္ဍာရေးကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။ ဖော်ပြပါငွေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ ချေးယူနိုင်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဇယား(၄)မှာဆိုရင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရဲ့အစီရင်ခံစာကို ထုတ်ချေးငွေကိုသာ တင်ပြအတည်ပြုချက်ရယူထားပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသို့ ထုတ်ချေးငွေကို တင်ပြအတည်ပြုချက်ရယူထားခြင်းမရှိသေးသည်ကို တွေ့ရှိရပါသည်။ ဒါကြောင့်ဒီထုတ်ချေးငွေကိုလည်း လှည့်ပတ်ရန်ပုံငွေအဖြစ်နဲ့ ဆောင်ရွက်တဲ့အခါမှာ လိုက်နာရမည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို ဖော်ပြပြီးတော့ အနီးကပ်ဆုံးကျင်းပမယ့်

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန်လိုအပ်ကြောင်း ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ သုံးသပ်တွေ့ရှိရတဲ့အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ ပြည်သူ့ငွေစာရင်းကော်မတီအား လာရောက်တွေ့ဆုံခြင်းကို တင်ပြပါမယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ အကြောင်းကြားချက်အရ ပြည်သူ့ငွေစာရင်းကော်မတီသည် ကမ္ဘာ့ဘဏ်က Public Expenditure and Financial Accountability(PEFA)မစ်ရှင်အဖွဲ့အား ၂၉-၅-၂၀၁၂ ရက်နေ့ က လက်ခံတွေ့ဆုံခဲ့ပါတယ်။ ကမ္ဘာ့မစ်ရှင်အဖွဲ့က Mr. Robert Taliercio(Lead Economist)ဦးစီးတဲ့ အဖွဲ့ဝင်(၆) ဦး တက်ရောက်ခဲ့ပြီး ပြည်သူ့ငွေစာရင်းကော်မတီမှ ကျွန်တော် ဦးမောင်တိုး၊ ဦးမန်းမောင်မောင်ဉာဏ်၊ ဦးစိုးမြင့်၊ ဒေါ်တင်နွယ်နှင့် ဦးမိုးဇော်ဟိန်းတို့တက်ရောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်သုံးဦး တက်ရောက်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့မှ ဆွေးနွေးရာမှာ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ရငွေနှင့် အသုံးစရိတ်များနှင့် စပ်လျဉ်းပြီးတော့ ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များရဲ့ ပွင့်လင်းမြင်သာမှု၊ ပြည်သူများထံအသိပေးထုတ်ပြန်မှု၊ ပြည်သူလူထုထံ အသိမပေးသော အချက်အလက်များ ရှိ၊ မရှိ၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အသုံးစရိတ်ကို စီမံခန့်ခွဲမှု၊ ဘတ်ဂျက်မူဝါဒ၊ ဘတ်ဂျက်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ထိန်းချုပ်မှု၊ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ်အစီရင်ခံစာများ၊ လွှတ်တော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းစိစစ်သုံးသပ်ခြင်းဆိုင်ရာများ၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းမှုနှင့် ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာကို စိစစ်သုံးသပ်၍ လွှတ်တော်တွင် တင်သွင်းမှုဆိုင်ရာများကို အသေးစိတ်သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါတယ်။ အချုပ်အားဖြင့် ကျွန်တော့်အနေနဲ့ ခန့်မှန်းခြေငွေစာရင်းမူကြမ်းကို အစိုးရမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပါတယ်။ ကိုယ်စားလှယ်တွေအနေနဲ့ နှစ်လကျော်ကြာဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးရာမှာလည်း ငွေစာရင်းကော်မတီတစ်ခုထဲမဟုတ်ဘဲ ကဏ္ဍအလိုက် ဖွဲ့စည်းထားတဲ့ ကော်မတီများအားလုံးမှ ဆွေးနွေးခဲ့ပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ မဆွေးနွေးမီမှာ အမျိုးသားစီမံကိန်းဥပဒေကို အရင်ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့အခါမှာ ဆောင်ရွက်သင့်

သော၊ ခေတ္တရပ်ဆိုင်းသင့်သော၊ ပယ်ဖျက်သင့်သော စီမံကိန်းများကို စိစစ်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်မှ တင်ပြအတည်ပြုချက်ရယူခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ မလိုအပ်တဲ့ စီမံကိန်းတွေကို လျှော့ချ၊ ရွှေ့ဆိုင်းနိုင်ခဲ့တဲ့အတွက် လိုငွေနဲ့ GDP အချိုးဟာ ၄.၉ ရာခိုင်နှုန်းမှ ၃.၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပါတယ်။ ပြည်သူ့ဝန်ထမ်းအားလုံးကို ထောက်ပံ့ကြေးငွေ ၃၀၀၀၀ ကျပ်စီ တိုးပေးနိုင်ခဲ့ပါတယ်။ ကော်မတီအစည်းအဝေးများမှာတော့ သတင်းမီဒီယာများ အနေနဲ့ တက်ရောက်သတင်းရယူနိုင်ခဲ့ပါတယ်။ ဘတ်ဂျက်ဥပဒေကိုလည်း သတင်းစာများမှာ ဖော်ပြ၍ ပြည်သူအားလုံးသို့ အသိပေးရှင်းလင်းနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ပြည်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(International Monetary Fund)(IMF)မှ Mr. Naoyuki Shinahara(Deputy Managing Director) ဦးစီးအဖွဲ့ဝင်နှစ်ဦး တက်ရောက်ဆွေးနွေးခဲ့ပါ တယ်။ IMF ဟာ အခု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနဲ့ ဗဟိုဘဏ်တို့ရဲ့ ဆက်ဆံရေးမှာ အလွန် ကောင်းမွန်နေပါတယ်။ မြန်မာနိုင်ငံရဲ့ မက်ခရိုစီးပွားရေးကြီးကြပ်စစ်ဆေးရေး၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးစတာတို့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြုံတွေ့နေရတဲ့ အခက်အခဲများ၊ နည်းပညာလို အပ်ချက်များ၊ အကြံဉာဏ်ပေးရန်အတွက် တာဝန်ယူဆောင်ရွက်ပါတယ်။ ယခု မိမိတို့ ပူးပေါင်း ဆောင်ရွက်မှုကို ပြင်ပပြည်သူများသိရှိရန်လည်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဘတ်ဂျက်က ကြီးကြပ်ရတဲ့အတွက်ကြောင့် ကော်မတီရဲ့ လုပ်ငန်းတာဝန်အလွန်အရေးကြီးသည်ကို သိရှိရပါ တယ်။ လက်ရှိတွေ့ကြုံနေရတဲ့ အခက်အခဲကို သိရှိလိုပါတယ်။ ကော်မတီရဲ့ အခန်းကဏ္ဍ လုပ်ငန်းတွေ ဘယ်လိုအကောင်အထည်ဖော်တယ် ခွဲဝေထားတဲ့ ဘတ်ဂျက်အပေါ်မည်ကဲ့သို့ ဝင်ရောက်ဆောင်ရွက်မယ် လွှတ်တော်တွင် အမြင်အမျိုးမျိုးရှိခြင်းများနှင့် ပတ်သက်၍ သိရှိလို ကြောင်း ဆွေးနွေးပါတယ်။ ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ထင်သာမြင်သာရှိအောင် ဆောင်ရွက်ရန် အလွန်အရေးကြီးပါတယ်။ မိမိတို့ရဲ့ ဆောင်ရွက်နေမှုများကိုလည်း ပြည်သူများ သိရှိရန် တိုးမြှင့်ဆောင်ရွက်သင့်ပါတယ်။ မိမိတို့ပေးရသော အခွန်များကို အစိုးရအနေဖြင့် မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင် သုံးစွဲနေသည်ကို ပြည်သူများအား အသိပေးသင့်ပါတယ်။ ဘတ်ဂျက်လိုငွေနှင့် ပတ်သက်၍လည်း သိရှိလိုပါတယ်။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလျက်ရှိတဲ့အတွက် ကာလလတ်အတွက် အလွန်အန္တရာယ်ရှိတဲ့အတွက်ကြောင့် ဗဟိုဘဏ်

အနေနဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်ရန်အတွက် အဓိကဆောင်ရွက်ရမည်ဖြစ်၍ ကိုင်တွယ်ဆောင်ရွက်ခွင့်ပေးရန်လိုအပ်ပါတယ်။ လွှတ်တော်အနေနဲ့ မက်ခရိုစီးပွားရေးတည်ငြိမ်ရန်၊ ဈေးနှုန်းတည်ငြိမ်ရန်အတွက် ဗဟိုဘဏ်အား လွတ်လပ်စွာဆောင်ရွက်နိုင်ရန်အတွက် တင်ပြဆွေးနွေးသင့်ပါကြောင်း သူတို့က ပြောကြားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတွေအတွက် ဘတ်ဂျက်အသုံးပြုမှုမှာ ပညာရေးအတွက်နှစ်ဆနှင့် ကျန်းမာရေးအတွက် လေးဆ တိုးမြှင့်နိုင်ခဲ့ပါတယ်။ ဗဟိုဘဏ်အား လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးဖို့လည်း လွှတ်တော်ဆွေးနွေးမှုများမှာ ပါဝင်ပြီးဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ဆောင်ရွက်ရန် အစီအစဉ်ရှိပါတယ်လို့ သိရှိရပါကြောင်း ဖြေကြားခဲ့ပါတယ်။ နောက် ကျွန်တော်တို့ ဗြိတိသျှနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လာရောက်တွေ့ဆုံပါတယ်။ UK's Department for International Development(DFID) အဖွဲ့ဖြစ်ပါတယ်။ ၃၀-၅-၂၀၁၂ ရက်နေ့ က တွေ့ဆုံပါတယ်။ DFID မှ ညွှန်ကြားရေးမှူးချုပ်ဖြစ် တဲ့M.S Joy Hutcheon ဦးစီးအဖွဲ့ဝင်(၃)ဦး တက်ရောက်ပါတယ်။ သူတို့ ဆွေးနွေးချက်ထဲမှာ သူတို့နိုင်ငံမှာ Public Account Committee(PAC)ဆိုရင် အင်မတန် ဩဇာရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို ခေါ်ယူမေးမြန်းလို့ရှိလျှင် သူတို့ သေချာပြင်ဆင်ပြီးမှ သွားရပါတယ်။ မြန်မာ နိုင်ငံရဲ့PAC လုပ်ငန်းများဆောင်ရွက်မှု တိုးတက်အောင် ဘယ်လိုကူညီနိုင်မလဲ လွှတ်တော်နဲ့ လွှတ်တော်အမတ်များအားလုံးကိုလည်း ဘယ်လို အကူအညီပေးနိုင်မလဲဆိုသည်ကို သိလိုပါကြောင်း ပြောကြားမေးမြန်းခဲ့ပါသည်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးတဲ့အထဲမှာ စာရင်းစစ်ချုပ်ရုံးရဲ့ စစ်ဆေးတွေ့ရှိချက်တွေကို စိစစ်သုံးသပ်၍ အကြံပြုတိုက်တွန်းချက်များကို လွှတ်တော်သို့ တင်ပြပါတယ်။ မကြာမီကပင် ရသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့ငွေများကို အစိုးရဌာနတွေက ထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ခြင်း ရှိ၊ မရှိကို စာရင်းစစ်အစီရင်ခံစာများရရှိလျှင် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြန်လည်ရှင်လင်း ဆွေးနွေးခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းခြင်းကို တင်ပြပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ

ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတွေကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည် ဟု ဖော်ပြထားပါတယ်။ ထိုတာဝန်ကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပြည်သူတို့၏ကိုယ်စား ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် အထူးသဖြင့် ပြည်သူ့ငွေစာရင်းကော်မတီအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများသည် မရှိမဖြစ်လိုအပ်ပါသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နောက်ပိုင်းမှစ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို လက်ခံရရှိခြင်းမရှိတော့ပါ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို လွှတ်တော်ကော်မတီများသို့ တိုက်ရိုက်ပေးပို့နိုင်ခွင့်မရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအနေဖြင့် ပြင်ဆင်ရန်လွှတ်တော်သို့ တင်ပြဆုံးဖြတ်ချက် ခံယူရန်လိုအပ်ကြောင်း ၂၉-၆-၂၀၁၂ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေပုဒ်မများကို ပြင်ဆင်ဖြည့်စွက်ရန် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ၁၁ ပုဒ်မခွဲ(က)ကို စကားရပ်အစားထိုး ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ည)မှာလည်း စကားရပ်အစားထိုး ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)ရဲ့နောက်မှာ (ဍ)ကို ဖြည့်စွက်မှာဖြစ်ပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ညှိနှိုင်းပြီးတော့ တင်ပြသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အဓိကတာဝန်မှာ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုထားသောငွေကို သတ်မှတ်သောကိစ္စအတွက်သာ သုံးစွဲခြင်း ရှိမရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ၊ ခွင့်ပြုထားသော ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခြင်း ရှိ မရှိ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို မူတည်၍ စိစစ်ပြီးတော့ လွှတ်တော်သို့ တင်ပြ

သွားရမှာဖြစ်ပါတယ်။ ငွေစာရင်းကော်မတီသို့ ကမ္ဘာ့ဘဏ်နဲ့ IMF အဖွဲ့များမှ လာရောက်တွေ့ဆုံး ဆွေးနွေးရာတွင် ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲမှုအပေါ် လွှတ်တော်အနေဖြင့် မည်မျှအထိ စောင့်ကြည့်ထိန်းကျောင်းနိုင်သည် မည်ကဲ့သို့ စောင့်ကြည့်ထိန်းကျောင်းနိုင်သည်နှင့် ပတ်သက်၍ အဓိကထားမေးမြန်းဆွေးနွေးသွားတာကို တွေ့ရှိရပါသည်၊ ဒါကြောင့် ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ အထက်ပါလုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်ရန်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအစီရင်ခံပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီ ရဲ့ အစီရင်ခံစာကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက် အစည်းအဝေးစတုတ္ထနေ့မှာ ဆွေးနွေးအတည်ပြုမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက မနက်ဖြန်၂၀၁၂ ခုနှစ် ဇူလိုင်လ ၆ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ ကြဖို့ဖြစ်ပါတယ်၊

## ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နည်းဥပဒေခွဲ(က)အရ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကိုတင်ပြရန် ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးပိုက်ထွေး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ

အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးပိုက်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ။ အစီခံစာအမှတ် (၂/၂၀၁၂)

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလဖြစ်သော ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခဲ့ပါသည်။ ပြည်သူ့လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးကာလဖြစ်သော ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၃၁ / ၂၀၁၁ ဖြင့် လွှတ်တော်အခွင့်အရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းပါသည်။ ယင်းသို့ပြင်ဆင်ဖွဲ့စည်းခဲ့သော လွှတ်တော်အခွင့်အရေးကော်မတီဖြင့် ယနေ့တိုင်အောင် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များကိုအောက်ပါအတိုင်းသတ်မှတ်ပေးထားပါသည်-

(က) ကော်မတီသည် မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့လွှဲအပ်သောကိစ္စများနှင့်စပ်လျဥ်းသည့် အချက်များကိုအခြေပြု၍ ပြည်သူ့လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာရောက်မရောက်စဥ်းစား ဆုံးဖြတ်ခြင်း။

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍အခွင့်ရေးဖောက်ဖက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည့်သို့မည်ပုံဖောက်ဖျက်ကြောင်းကိုဆုံးဖြတ်ခြင်း။

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က မည်ကဲ့သို့အရေးယူသင့်ကြောင်း ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အစီရင်ခံစာတွင်ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက် ရန် ပြည်သူ့လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက ပြည်သူ့လွှတ်တော်သို့တင်ပြနိုင်သည်။

၃။ လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်း အဝေးသို့တက်ရောက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကထုတ်ပေးသည့်အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန်နှင့် သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့တက်ရောက်လာမည့် လွှတ်တော်ကိုယ်စား လှယ်များအား စိစစ်အတည်ပြုပေးရန်တာဝန်များကိုလည်း ပေးအပ်ထားပါသည်။

## အစီရင်ခံသည့်ကာလအတွင်းဆောင်ရွက်ချက်များ

၄။ အစီရင်ခံသည့်ကာလအတွင်း လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် များ၏အခွင့်အရေးကိုဖောက်ဖျက်ကျူးလွန်ကြောင်း လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်က တာဝန်ပေးအပ်ခြင်းများ မရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ရခြင်း မရှိပါ။

၅။ လွှတ်တော်အစည်းအဝေးများကျင်းပနေစဉ် လွှတ်တော်ကိုယ်စားလှယ်အချို့၏ မေးခွန်း မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းဆောင်ရွက်ရာတွင် အခွင့်အရေးရရှိလိုမှုအတွက် လွှတ်တော် အခွင့်အရေးကော်မတီသို့ တင်ပြလာမှုများကို သက်ဆိုင်ရာ အစည်းအဝေးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ဖြေရှင်းပေးခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ တင်ပြစာများ နှင့် တိုင်ကြားစာများကိုလည်း လေ့လာသုံးသပ်ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ပါသည်။

၆။ လွှတ်တော် အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဥပဒေများနှင့် နည်းဥပဒေများ လုပ်ပိုင်ခွင့်တွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက်အလက်များကို ရှာဖွေဖော်ထုတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ လည်းကောင်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ထံမှ လည်းကောင်း အကြံပြုချက်များကို ရယူလျက်ရှိပါသည်။

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းအခြေအနေတင်ပြခြင်း

၇။ ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ၂၁-၉-၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စတင်တင်သွင်းခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်းပြီး ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။ အမျိုးသားလွှတ်တော်ကလည်း ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီးနောက် နိုင်ငံတော်သမ္မတထံ လက်မှတ်ရေးထိုးရန်ပေးပို့ခဲ့ရာ နိုင်ငံတော်သမ္မတထံမှ ပြင်ဆင်ရန်မှတ်ချက်များဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ထားပါသည်။ ယခု ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ယင်းပြင်ဆင်ချက်များကို ဆွေးနွေးပြီး ဆောင်ရွက်ရန်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၈။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းရေးဆွဲရာတွင် ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်များသည် ပြည်ထောင်စုအဆင့်ဖြစ်သည်ဟု ထည့်သွင်းရေးဆွဲထားပါသည်။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်များမှဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်များကို ပြည်ထောင်စုအဆင့်ဟုသတ်မှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်ထားပါသည်။ ထိုသို့ဆုံးဖြတ်ချက်ကြောင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းရေးကိစ္စတွင် ဥပဒေဆိုင်ရာအကြပ်အတည်းများဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါ အကြပ်အတည်းကို ကျော်လွှားရန် မည်သို့ဆောင်ရွက်သင့်သည်ကို လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်း ဆွေးနွေးအဖြေရှာသင့်ပါကြောင်း လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် အကြံပြုတင်ပြအပ်ပါသည်။

၉။ ကော်မတီသည် ပြည်သူ့လွှတ်တော် နည်းဥပဒေမူကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ဖြင့် ညှိနှိုင်းရေးဆွဲထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပနိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းပေးခဲ့သည့် ပြည်သူ့လွှတ်တော်နည်းဥပဒေကို ပြန်လည်ပြင်ဆင်ပြီး ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်အစည်းအဝေးများကို တာဝန်ယူကျင်းပနိုင်ရေးအတွက်လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ရမည့်တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို ပိုမိုပြည့်စုံစွာ ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးအတွက် လည်းကောင်း ရေးဆွဲထားခြင်းဖြစ်ပါသည်။ လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများနှင့် ကော်မရှင်တို့၏ လုပ်ပိုင်ခွင့်အခွင့်အရေးများကိုလည်း ပြည့်စုံစွာ ထည့်သွင်းပြဋ္ဌာန်းရေးဆွဲထားပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပြည်သူ့လွှတ်တော် နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိပါးစေသော ဖြစ်ရပ်ဖြစ်ပွားခြင်း**

၁၀။ ၂၃-၃-၂၀၁၂ ရက်နေ့ထုတ် Hot News Journal တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စာရေးသူမမတို့၏ ဆွေးနွေးမေးမြန်းချက်ပါရှိလာရာ ယင်းဆွေးနွေးမေးမြန်းချက်တွင် ဖော်ပြပါရှိသည့် အချက်များသည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိပါးစေသော အချက်များပါရှိသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးထားသော ကြေညာချက်များကို ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီသို့ တင်ပြခဲ့ကြပါသည်။ ကော်မတီမှ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ဆက်လက်တင်ပြရန် လမ်းညွှန်သဖြင့် ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ တင်ပြခဲ့ပါသည်။

၁၁။ ပြည်ထောင်စုလွှတ်တော် နာယကသည် ၁၀-၄-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး) ၁၀/၂၀၁၂-၆၈ စာဖြင့် လွှတ်တော်အခွင့်အရေးပူးပေါင်းကော်မတီကိုဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးစေခဲ့ပါသည်။ ၂၇-၄-၂၀၁၂ ရက်နေ့တွင် ပူးပေါင်းကော်မတီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအားခေါ်ယူပြီးHot News Journal ပါ လွှတ်တော်ဂုဏ်သိက္ခာကို

ငြိစွန်းသောအချက်များကို မေးမြန်းပြီး ရှင်းလင်းတင်ပြစေခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြောဆိုရာတွင် မိသားစုအသွင်သဘောရိုးဖြင့် ပြောဆိုဆွေးနွေးခဲ့မိခြင်းသာ ဖြစ်ပြီး လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိပါးစေရန် ရည်ရွယ်ချက်မရှိပါကြောင်း ယင်းဆွေးနွေးချက်များအပေါ်အမှားပါပါက နားလည်ခွင့်လွှတ်ပေးပါရန်နှင့် လွှတ်တော်သို့ တောင်းပန်မည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၁၂။ ပူးပေါင်းကော်မတီသည် လေ့လာတွေ့ရှိချက်များကို ၂၉-၄-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအစီရင်ခံခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းချက်များကို လက်ခံပေးသင့်ကြောင်း သုံးသပ်တင်ပြခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်၏ခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုဝန်ကြီးအနေဖြင့် မိမိ၏ သဘောထားနှင့် ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြတောင်းပန်စေသင့်ကြောင်း ထောက်ခံတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးကလည်း ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြပြီး ဂျာနယ်ပါဆွေးနွေးမေးမြန်းချက်နှင့် စပ်လျဉ်း၍ တောင်းပန်ခဲ့ပါသည်။

၁၃။ ဤဖြစ်စဉ်သည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိပါးစေသည့် ပထမဆုံးသော ဖြစ်စဉ်ဖြစ်သည့်အတွက် နောက်နောင်မဖြစ်စေရန်အတွက် သင်ခန်းစာတစ်ခုအဖြစ် မှတ်တမ်းတင်ထားရှိသင့်ကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၁၄။ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာ ဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှတ်တော်က အခါအားလျော်စွာပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများနှင့် အခြားတာဝန်များကိုလည်း ကျေပွန်စွာ

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း ကော်မတီ၏ အစီရင်ခံစာကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက် စတုတ္ထနေ့အစည်းအဝေးမှာ ဆွေးနွေးအတည်ပြုမှာဖြစ် ပါတယ်။ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၇၃ နည်းဥပဒေခွဲ(ခ)အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို တင်ပြရန် ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြ ဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန်ဖြစ်ပါတယ်။ ကျွန်တော်က ဒီနေ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က)၊ ပြည်သူ့လွှတ်တော် ဥပဒေပုဒ်မ ၂၁ နှင့် ပြည်သူ့လွှတ်တော် နည်းဥပဒေအပိုဒ် ၇၁ နှင့် ၇၃ တို့အရ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ နောက်တစ်ကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းရန် ပြဋ္ဌာန်းထားပါတယ်။

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကော်မတီအနေဖြင့် အစီရင်ခံစာပြုစုပြီး တင်ပြရခြင်း ဖြစ်ပါတယ်။

ရည်ရွယ်ချက်

၃။ ၂၆-၁-၂၀၁၂ မှ ၂-၅-၂၀၁၂ ထိ ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများကို ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဆောင်ရွက်ချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်ပြရန် ဖြစ်ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ကော်မတီ၏ လုပ်ဆောင်ချက်

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၆-၁-၂၀၁၂ မှ ၂-၅-၂၀၁၂ ထိ ကျင်းပခဲ့ပါတယ်။ ၎င်းအစည်းအဝေးများတွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခြင်း၊ အဆိုများကို တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ လွှတ်တော်တွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ ကော်မတီသည် အသေးစိတ်မှတ်သားပြီး အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကိုလည်းကောင်း၊ အတည်ပြုခဲ့သော အဆိုများကိုလည်းကောင်း ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်ပြနိုင်ရန် ဖြေကြားချက်များကို ညှိနှိုင်းရယူခဲ့ပါတယ်။

မေးခွန်းများ

၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်အတွင်းမှာ မေးခွန်းပေါင်း ၁၂၆ ခု မေးမြန်းခဲ့ပြီး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်ဌာနအလိုက် ဖြေကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | သမ္မတရုံး | ၁ |
| (ခ) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၂ |
| (ဂ) | ပြည်ထဲရေးဝန်ကြီးဌာန | ၃ |
| (ဃ) | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁၁ |
| (င) | ပြန်ကြားရေးဝန်ကြီးဌာန | ၅ |
| (စ) | ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ |
| (ဆ) | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၃ |
| (ဇ) | စက်မှုဝန်ကြီးဌာန | ၅ |
| (ဈ) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၅ |
| (ည) | သတ္တုတွင်းဝန်ကြီးဌာန | ၁ |
| (ဋ) | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၃ |
| (ဌ) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ၄ |
| (ဍ) | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ၂ |
| (ဎ) | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ၂ |
| (ဏ) | အလုပ်သမားဝန်ကြီးဌာန | ၂ |
| (တ) | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃ |
| (ထ) | ပို့ဆောင်ရေးဝန်ကြီးဌာန | ၄ |
| (ဒ) | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန | ၄ |
| (ဓ) | စွမ်းအင်ဝန်ကြီးဌာန | ၃ |
| (န) | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁ |
| (ပ) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၁ |
| (ဖ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ၅ |
| (ဗ) | အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာန | ၆ |

(ဘ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂

(မ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂

(ယ) အားကစားဝန်ကြီးဌာန ၃

(ရ) ပညာရေးဝန်ကြီးဌာန ၁၀

(လ) ကျန်းမာရေးဝန်ကြီးဌာန ၆

(ဝ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ၁

(သ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၁

ဖြစ်ပါတယ်။

၆။ အထက်အပိုဒ်(၅)ကပါ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များတွင် အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း ၆၈ ခုဖြစ်ပြီး၊ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက် မဖြစ်သည့် မေးခွန်းပေါင်း ၅၈ ခု ဖြစ်ပါတယ်။ အဲဒါတွေကတော့ သမ္မတရုံး ရှင်းလင်းချက် တစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတော့ ကတိမဖြစ်တာ၁ ခုနဲ့ ရှင်းလင်းချက် ၁ ခု ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ကတိ ၆ ခုနဲ့ ရှင်းလင်းချက် ၆ ခု ဖြစ်ပါတယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနကတော့ ကတိ ၁၀ ခုနဲ့ ရှင်းလင်းချက် ၁ ခု ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကတော့ ကတိ ၁ ခု၊ ကတိမဖြစ်တာ ၃ ခု၊ ရှင်းလင်းချက် ၁ ခု ဖြစ်ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနကတော့ ကတိ ၁ ခုဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကတော့ ကတိ ၈ ခု၊ ရှင်းလင်းချက် ၅ ခု။ စက်မှုဝန်ကြီးဌာနကတော့ ကတိ ၃ ခု၊ ရှင်းလင်းချက် ၂ ခု။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကတော့ ကတိ ၃ ခု၊ ကတိမဖြစ်တာ ၂ ခု။ သတ္တုတွင်းဝန်ကြီးဌာနကတော့ ကတိ ၁ ခု။ ဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ ကတိ ၁၀ ခု၊ ကတိမဖြစ်တာ ၁ ခု၊ ရှင်းလင်းချက် ၂ ခု။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကတော့ ကတိ ၂ ခု၊ ရှင်းလင်းချက် ၂ ခု။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကတော့ ကတိမဖြစ်တာ ၁ ခု၊ ရှင်းလင်းချက် ၁ ခု။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနကတော့ ကတိမဖြစ်တာ၁ ခု၊ ရုပ်သိမ်း ၁ ခု။ အလုပ်သမားဝန်ကြီးဌာနကတော့ ကတိ ၁ ခု၊ ရှင်းလင်းချက် ၁ ခု။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကတော့ ကတိ ၃ ခု။ ပို့ဆောင်ရေးဝန်ကြီးဌာနကတော့ ကတိ ၂ ခု၊ ရှင်းလင်းချက် ၂ ခု။ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနကတော့ ကတိ ၃ ခု၊ ရှင်းလင်းချက် ၁ ခု။ စွမ်းအင်ဝန်ကြီးဌာနကတော့ ရှင်းလင်းချက် ၃ ခု။ လူဝင်မှုကြီးကြပ်ရေးနှင့်

ပြည်သူ့အင်အားဝန်ကြီးဌာနကတော့ ကတိမဖြစ်တာ ၁ ခု။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကတော့ ကတိမဖြစ်တာ ၁ ခု။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနကတော့ ကတိ ၄ ခု၊ ရှင်းလင်းချက် ၁ ခု။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကတော့ ကတိ ၃ ခု၊ ကတိမဖြစ်တာ ၁ ခု၊ ရှင်းလင်းချက် ၂ ခု။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကတော့ ကတိ ၂ ခု။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကတော့ ကတိမဖြစ်တာ ၁ ခု၊ ရှင်းလင်းချက် ၁ ခု။ အားကစားဝန်ကြီး ဌာနကတော့ ရှင်းလင်းချက် ၃ ခု။ ပညာရေးဝန်ကြီးဌာနကတော့ ကတိ ၅ ခု၊ ကတိမဖြစ်တာ ၃ ခု၊ ရှင်းလင်းချက် ၂ ခု။ ကျန်းမာရေးဝန်ကြီးဌာနကတော့ ကတိ ၃ ခု၊ ကတိမဖြစ်တာ ၂ ခု၊ ရှင်းလင်းချက် ၁ ခု။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကတော့ ကတိ ၁ ခု။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုပ်သိမ်း ၁ ခု၊ စုစုပေါင်း ကတိဖြစ်တာ ၆၈ ခု၊ ကတိမဖြစ်တာ ၁၇ ခု၊ ရှင်းလင်းချက် ၃၉ ခု၊ ရုပ်သိမ်း ၂ ခု၊ အားလုံးပေါင်း ၁၂၆ ခု ဖြစ်ပါတယ်။ အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် မေးခွန်းနှင့် သူတို့ရဲ့နောက်ဆုံးဖြေကြားချက်များကို နောက်ဆက်တွဲ(က) မှာ အသေးစိတ်ဖော်ပြထားပါ တယ်။

အဆိုများ

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အဆို ၂၇ ခု တင်သွင်းခဲ့ပါ တယ်။ တင်သွင်းခဲ့သည့် အဆိုများအနက် လွှတ်တော်မှ အဆို ၁၆ခု ကို အတည်ပြုခဲ့ပြီး မှတ်တမ်းတင် သည့် အဆို ၉ ခုနှင့် ရုပ်သိမ်းသည့် အဆို ၂ ခုဖြစ်ပေါ်ခဲ့ပါတယ်။ ၎င်းတို့မှာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်အလိုက် အတည်ပြုခဲ့သောအဆိုများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အတည်ပြု ၁ ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အတည်ပြု ၅ ခု၊ မှတ်တမ်းတင် ၁ ခု၊ ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတင် ၂ ခု၊ ရုပ်သိမ်း ၁ ခု၊ သမဝါယမဝန်ကြီးဌာန မှတ်တမ်းတင် ၁ ခု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မှတ်တမ်းတင် ၁ ခု၊ သတ္တုတွင်းဝန်ကြီးဌာန မှတ်တမ်းတင် ၁ ခု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မှတ်တမ်းတင် ၁ ခု၊ အလုပ်သမားဝန်ကြီးဌာန အတည်ပြု ၆ ခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အတည်ပြု၁ ခု၊ ပညာရေးဝန်ကြီး ဌာန မှတ်တမ်းတင် ၂ ခု၊ ကျန်းမာရေးဝန်ကြီးဌာန အတည်ပြု ၁ ခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အတည်ပြု ၁ ခု၊ ရုပ်သိမ်း ၁ ခု၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ အတည်ပြု ၁ ခု၊ အားလုံးစုစုပေါင်း အတည်ပြု ၁၆ ခု၊ မှတ်တမ်းတင် ၉ ခု၊

ရုပ်သိမ်း ၂ ခု၊ စုစုပေါင်း ၂၇ ခု ဖြစ်ပါတယ်။ အတည်ပြုခဲ့သော အဆိုများနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု အသေးစိတ်ကို နောက်ဆက်တွဲ (ခ) မှာ ဖော်ပြထားပါတယ်။

၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၃၃၇ ခု မေးမြန်းခဲ့ပြီး အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် မေးခွန်းက ၁၈၇ ခု ရှိခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၁၂၆ ခု မေးမြန်းခဲ့ပြီး အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် မေးခွန်းက ၆၈ ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးထက် တတိယပုံမှန်အစည်းအဝေးဟာ မေးခွန်းပေါင်း ၂၁၁ ခု လျော့နည်းပြီး အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်ဟာ ၁၁၉ ခု လျော့နည်းခဲ့ပါတယ်။

၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို ၅၁ ခု တင်သွင်းခဲ့ပြီး၊ ၁၈ ခု အတည်ပြုခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ အဆို ၂၇ ခု တင်သွင်းခဲ့ပြီး ၁၆ ခု အတည်ပြုခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးထက် တတိယပုံမှန်အစည်းအဝေးတွင် အဆို ၂၄ ခုလျော့ပြီး အတည်ပြုချက်မှာ ၂ ခု လျော့ခဲ့ပါတယ်။

ကော်မတီ၏တွေ့ရှိချက်

၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသည် ၃ လနှင့် ၃ ရက် ကြာမြင့်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များဟာလည်း အတွေ့အကြုံများရရှိလာခြင်းတို့ကြောင့် မေးခွန်းများနှင့်အဆိုများ ပိုမိုမေးမြန်းခြင်း၊ တင်သွင်းခြင်းတို့ကို ပြုလုပ်လာသည်ကိုတွေ့ရှိရပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ၎င်းတို့၏ မဲဆန္ဒနယ်မြေများတွင် ပြည်သူ့လူထု၏တင်ပြချက်များ၊ လိုအပ်ချက်များ၊ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်ကိုတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ဆောင်ရွက်ချက်မှာလည်း တိုးတက်ကောင်းမွန်လာသည်ကိုတွေ့ရှိရပါတယ်။ တတိယပုံမှန်အစည်းအဝေးသည် ၃လနှင့် ၆ ရက် ကြာမြင့်ခဲ့ပြီး အစည်းအဝေးကျင်းပရတဲ့အဓိက အကြောင်းအရင်းမှာ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းများ၊ ဘတ်ဂျက်များနှင့် အခွန်ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုပေးရသည့်အချိန်ကာလဖြစ်ပါတယ်။ ၎င်းလွှတ်တော်အစည်းအဝေးများတွင် အမျိုးသားစီမံကိန်းနှင့်နိုင်ငံတော်ရဲ့ ရသုံးဘတ်ဂျက်တို့နှင့်

ပတ်သက်ပြီး အချိန်ယူဆွေးနွေးခဲ့ကြပါတယ်။ လွှတ်တော်အစည်းအဝေးကျင်းပသည့် အချိန်ကာလမှာလည်း ၃ လကျော် ကြာခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၂၇ ရက်ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၂၃ ရက် ကျင်းပခဲ့ပါသည်။ အစည်းအဝေးကာလမှာ မေးခွန်းပေါင်း ၁၂၆ ခုမေးမြန်းခဲ့ပြီး အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်မှာ ၆၈ ဖြစ်ပေါ်ခဲ့ပါတယ်။ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်ဖြစ်ပေါ်ခဲ့သော မေးခွန်းပေါင်းမှာ ၅၈ ခု ဖြစ်ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၃၃၇ ခုမေးပြီး ကတိ ၁၈၇ ခု ဖြစ်ပေါ်ခဲ့၍ ကတိမဖြစ်၁၅၀ ဖြစ်ပါတယ်။ သို့ပါ၍ တတိယပုံမှန်အစည်းအဝေးသည် ဒုတိယပုံမှန်အစည်းအဝေးထက် ကတိဖြစ် ၁၁၉ ခုနှင့် ကတိမဖြစ် ၉၂ ခုလျော့နည်းခဲ့ပါတယ်။

၁၁။ ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို ၅၁ ခု၊ အတည်ပြုအဆို ၁၈ ခုနှင့် အတည်မပြုအဆို ၃၃ ခု ဖြစ်ပေါ်ခဲ့ပြီး၊ တတိယပုံမှန်အစည်းအဝေး တွင် အဆို ၂၇ ခု၊ အတည်ပြုအဆို ၁၆ ခုနှင့် အတည်မပြုအဆို ၁၁ ခု ဖြစ်သဖြင့် တတိယပုံမှန်အစည်းအဝေးသည် ဒုတိယပုံမှန်အစည်းအဝေးထက် အဆို ၂၄ ခုလျော့နည်း၍ အတည်ပြုအဆို ၂ ခုလျော့နည်းပြီး အတည်မပြုအဆို ၂၂ ခုလျော့နည်းပါတယ်။

၁၂။ တတိယပုံမှန်အစည်းအဝေးသည် အထက်အပိုဒ် ၁၀ တွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့် ဘတ်ဂျက်ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးရခြင်းကြောင့် မေးခွန်းနှင့် အဆိုများ လျော့နည်းခဲ့ကြောင်းတွေ့ရှိရပါတယ်။

**နိဂုံး**

၁၃။ ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ၃၁-၁၂-၂၀၁၀ မှစတင်ကျင်းပခဲ့ပြီး တတိယပုံမှန်အစည်းအဝေးပြီးသည့်အထိ ၁နှစ် ၅လ နှင့် ၂ရက် ကြာမြင့်ခဲ့ပြီး ဖြစ်ခဲပါတယ်။ လွှတ်တော်၏ သက်တမ်းမှာလည်း ၁နှစ် ၅လ ကျော်လာပြီဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှာလည်း အတွေ့အကြုံများ ရရှိလာပြီး အရည်အချင်းများတိုးတက်လာသည်ကို တွေ့ရှိရပါတယ်။ မေးမြန်းသည့် မေးခွန်းနှင့် တင်သွင်းသည့် အဆိုများမှာလည်း မဲဆန္ဒနယ်မြေအလိုက် အမှန်တကယ် လိုအပ်ချက်များနှင့် နိုင်ငံနှင့်နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် တင်ပြခဲ့ခြင်းများဖြစ်သည်ကိုတွေ့ရှိရပါတယ်။ လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပြီး နောင်ကျင်းပမယ့် စတုတ္ထပုံမှန်အစည်းအဝေးမှ ဆက်လက်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင်လည်း တည်ငြိမ်ရင့်ကျက်ပြီး တိုးတက်အောင်မြင်လာမည်ဟု သုံးသပ်ရပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက် အစည်းအဝေး စတုတ္ထနေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် ၁၃:၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်လို့ အဆိုပြု တင်ပြမှုနှင့် ထောက်ခံမှုများဟာ မိမိတို့ရဲ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာနာမှု၊ စိတ်စေတနာရှိမှု၊ လွှတ်တော်အနေနဲ့ အဆိုပါကိစ္စရပ်များအပေါ်မှာ မှန်ကန်စွာဆောင်ရွက်ပေးနိုင်မှုများအတွက် အခြေခံ တင်ပြထားတဲ့အဆိုတစ်ခုဖြစ်တယ်လို့ ယူဆပါတယ်။ ငွေရေးကြေးရေးထက် မိမိတို့ရဲ့ စိတ်စေတနာ၊ စာနာမှုဖြစ်ပေါ်ခဲ့တဲ့ဖြစ်ရပ်ပေါ်မှာ မည့်ကဲ့သို့ဖြေရှင်း ဆောင်ရွက်ပေးမယ်ဆိုတဲ့ကိစ္စကပိုပြီးတော့ အရေးကြီးပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အဆိုတင်သွင်းသူရော၊ ထောက်ခံ ကြတဲ့သူများကိုလည်း လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ရဲ့ လွှတ်တော်ရဲ့ စိတ်စေတနာနှင့် စာနာမှု၊ လွှတ်တော်အနေနဲ့ ဆောင်ရွက်ပေးမှုများကို ဖွဲ့စည်းပေးလိုက် တဲ့ ကော်မတီ၊ ကော်မရှင်များက စွမ်းစွမ်းတမံဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ယခု နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂:၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါမည်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အခမ်းအနားအစီအစဉ်များကို နေ့လည် ၁၃:၃၀ နာရီတွင် ကျင်းပ မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၃:၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြုနိုင်ရေး အတွက် ဥပဒေရေးဆွဲရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မင်္ဂလာဒုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြုနိုင်ရေး အတွက် ဥပဒေရေးဆွဲရန် အဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြုနိုင်ရေးအတွက် တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မသန်စွမ်းသူများသည် လူသားတို့တည်ရှိနေသည့်အချိန်တိုင်း၊ နေရာတိုင်းတွင် တည်ရှိနေပါတယ်။ လောကမှာ ဖယ်ထုတ်မရကောင်းသော အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ မသန်စွမ်းသူများသည် လူ့လောကတွင် အတိတ်ကလည်း ရှိခဲ့ကြသလို ပစ္စုပ္ပန်မှာလည်းရှိနေပါတယ်။ အနာဂတ်တွင်လည်း လူသားများရှိနေသရွေ့ အမြဲရှိနေကြမှာ ဖြစ်ပါတယ်။ မသန်စွမ်းသူများသည် အချိန်တိုင်း၊ နေရာတိုင်းတွင် လူနည်းစုဖြစ်နေကြပြီး မသန်စွမ်းသူများ လုံးဝမရှိသည့်နေရာနှင့်အချိန် မရှိသလို မသန်စွမ်းသူများ အဆမတန်များပြားလာကာ အများစုဖြစ်လာသည်အထိလည်း မရှိပါ။ ထို့ကြောင့် မသန်စွမ်းမှုသည် ရောဂါတစ်မျိုးမဟုတ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လူသားဖြစ်စဉ် တစ်ခုသာ ဖြစ်ပါတယ်။ ယောက်ျားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်း၊ အရပ်ရှည်ခြင်း၊ အရပ်ပုခြင်းအသားဖြူခြင်း၊ အသားမဲခြင်း၊ ပိန်ခြင်း၊ ဝခြင်းစသည့်အနေအထားတစ်ခုသာဖြစ်ခြင်း ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၆၅၀ ခန့်သည် မသန်စွမ်းသူများ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေရဲ့ ၂.၃၆ ရာခိုင်နှုန်း လူဦးရေ ၁၀ သိန်းကျော်ခန့်သည် မသန်စွမ်းသူများ ဖြစ်ကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများသည်ဘာသာတရားအား အလေးအနက်ထားပြီး သဒ္ဓါတရားထက်သန်သော နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် အားနည်းသူကို ကူညီတတ်တဲ့အစဉ်အလာဟာ ရှေးရှေးအခါကတည်းက ကြီးမားခဲ့ပါတယ်။ မြန်မာလူမျိုးများဟာ မသန်စွမ်းသူတစ်ဦးဦးကိုတွေ့ရင် သနားကရုဏာသက်ပြီး ပေးကမ်းလှူဒါန်းကြပါတယ်။ ထောက်ပံ့ကူညီကြပါတယ်။ ဒါပေမယ့် မသန်စွမ်းသူတစ်ဦးကို လူ့အသိုင်းအဝိုင်းထဲမှာ ဂုဏ်သိက္ခာရှိရှိ နေထိုင်ခွင့်၊ ဝင်ဆံ့ခွင့်ကို ဆောင်ရွက်ပေးဖို့အတွက်တော့ အားနည်းနေတာကို တွေ့ရှိရပါတယ်။ မသန်စွမ်းသူများဟာ သနားကရုဏာသက်မှုရဲ့ ဝဲဂယက်ထဲမှာပဲ ဘဝနိဂုံးချုပ်ခဲ့ရသူများ ဖြစ်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မသန်စွမ်းသူများတွင် ထူးခြားတဲ့စွမ်းရည်များဖြစ်တဲ့ ထိုးထွင်းဉာဏ်များ၊ တီထွင်မှုများ၊ အာရုံစိုက်မှုများ ရှိကြပါတယ်။ ထိုစွမ်းရည်များပေါ်ထွက်လာစေရန်နှင့် ထိုစွမ်းရည်များဖြင့် လူသားများအတွက် အကျိုးရှိစေရန် ထုတ်ဖော်ဆောင်ရွက်ခွင့်များ ဖန်တီးလုပ်ဆောင်နိုင်ရေးများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်များ ဖော်ထုတ်နိုင်ရေး၊ မသန်စွမ်းသူများ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေး၊ ဂုဏ်သိက္ခာရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစသည့်တို့ကို ဆောင်ရွက်ပေးမှသာလျှင် ထိရောက်သည့် စောင့်ရှောက်မှုများဖြစ်မှာ ဖြစ်ပါတယ်။ မသန်စွမ်းသူများထဲတွင် အရွယ်မရောက်သူများ၊ အရွယ်ရောက်ပြီးသူများအနေဖြင့် လူ့အဖွဲ့အစည်းတွင် အခြားသူများနည်းတူ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများရရှိကျင့်သုံးနိုင်ရန် လိုအပ်ပါတယ်။ လူ့အဖွဲ့အစည်းအားလုံးတွင် မသန်စွမ်းသူများအပေါ်၌ ယင်းတို့၏ အခွင့်အရေးနှင့်လွတ်လပ်မှုများအပေါ် တားဆီးထားခြင်း၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှုခက်ခဲခြင်း အဟန့်အတားများ ယနေ့တိုင်ရှိနေတာကို တွေ့ရပါတယ်။ အဟန့်အတားများ ဖယ်ရှားနိုင်ရေးအတွက် သင့်တော်သည့်ဆောင်ရွက်မှုများ ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံတော်အစိုးရကသာ ဥပဒေအရ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အဟန့်အတားများ ကင်းစင်သွားပါက မသန်စွမ်းသူများသည် သနားစရာအစောင့်အရှောက်ခံလူသားများ မဟုတ်တော့ဘဲ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်စွမ်းအားတစ်ရပ် ဖြစ်လာပြီး ဂုဏ်သိက္ခာရှိရှိ ဘဝကို ရှင်သန်နေမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မသန်စွမ်းသူ လူ့အဖွဲ့အစည်းတွင် အခြေအနေဆိုးရွားသူများလည်း ပါရှိပါတယ်။ လူ့လောကအတွင်း သူတို့ရဲ့ ကံရှိသရွေ့နေရစဉ်အတွင်း ကူညီစောင့်ရှောက်မှုများ ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတာလည်း လေ့လာတွေ့ရှိရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း တိုက်တွန်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၃၂ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် မသန်စွမ်းသူ ၁၀ သိန်းကျော်သည် နိုင်ငံသားများ ဖြစ်ကြပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေတစ်ရပ်လိုအပ်လျက်ရှိပါတယ်။ ၎င်းဥပဒေသည်သာ မသန်စွမ်းသူများရဲ့ အဟန့်အတားများကို ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။ သို့မှသာ မသန်စွမ်းသူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ပြီး လူ့ဘောင်လောကတွင် ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ကာ ဂုဏ်သိက္ခာရှိရှိရှင်သန်သွားမှာ ဖြစ်ပါတယ်။ ထိုကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြုပေးပါရန် တိုက်တွန်း ကြောင်းအဆိုကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးတင်မောင်ဝင်း တင်သွင်း သွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးညဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းသွားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြုနိုင်ရေးအတွက် ဥပဒေရေးဆွဲရန် အဆိုကို ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ

သွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက် တနင်္လာနေ့ ပြည်သူ့လွှတ်တော် စတုတ္ထနေ့အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မနက်ဖြန်၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် ၁၃:၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန်ဖြစ်ပါတယ်။

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုကုန်ကြမ်းရရှိရေး၊ ပို့ကုန်ဝင်ငွေ တိုးတက်ရေးတို့အတွက် ပုဂ္ဂလိက တောင်သူလယ်သမားတစ်ဦးချင်းပိုင်၊ တစ်ဆက်တစ်စပ်တည်း သော ကုမ္ပဏီလယ်ယာ၊ တောင်သူလယ်သမားနှင့် သွင်းကုန်ပို့ကုန် ကုမ္ပဏီများကြား ကုန်ကြမ်းပေးကုန်ချောယူ ကန်ထရိုက်လယ်ယာစနစ်များ ပါဝင်သည့် စိုက်ပျိုး မွေးမြူရေးစီမံကိန်းတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး လသာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်အား စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာရရှိရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရေးတို့အတွက် ပုဂ္ဂလိက တောင်သူလယ်သမားတစ်ဦးချင်း ပိုင် တစ်ဆက်တစ်စပ်တည်းသောကုမ္ပဏီလယ်ယာ တောင်သူလယ်သမားများနှင့် သွင်းကုန်ပို့ကုန်

ကုမ္ပဏီများအကြား ကုန်ကြမ်းပေးကုန်ချောယူ ကန်ထရိုက်လယ်ယာများပါဝင်သည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်အဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုသီးနှံကုန်ကြမ်းရရှိရေး ဒီကနေပြီးတော့ကာ ပြည်တွင်းမှာစားသုံးမှု ပိုလျှံပြီးတဲ့နောက် နိုင်ငံခြားကိုပို့ပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေးအတွက် စိုက်ပျိုးရေးကဏ္ဍတို့နဲ့ ပတ်သက်၍ ပထမတစ်နည်းအနေနဲ့ကတော့ ပုဂ္ဂလိက တောင်သူလယ်သမားတစ်ဦးချင်းအပိုင်း လုပ်ကိုင်မည့် ဒုတိယအနေနဲ့ကတော့ တစ်ဆက်တစ်စပ်တည်းသော ကုမ္ပဏီလယ်ယာတွေ၊ စိုက်ပျိုးမြေတွေ၊ မွေးမြူရေးခြံတွေအဖြစ်နဲ့လုပ်ကိုင်ပြီး တတိယအနေနဲ့ကတော့ တောင်သူလယ်သမားနဲ့ သွင်းကုန်ပို့ကုန်ကုမ္ပဏီများကြားမှာ ကုန်ကြမ်းပေး ကုန်ချောယူစနစ်နဲ့ ကန်ထရိုက်လုပ်ပြီးတော့ လုပ်ကိုင်သွားရေးစတဲ့နည်းပေါ့လေ။ အဲဒီစတဲ့နည်းတွေ ပါဝင်တဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စီမံကိန်းကြီးတစ်ရပ်အကောင်အထည်ဖော်ဖို့ အဆိုတင်သွင်းဖို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံလူတန်းစား တောင်သူလယ်သမားက ၇၀ ရာခိုင်နှုန်း ရှိတယ်ဆိုတာ အများလည်းသိကြပါတယ်။ သို့သော်လည်းပဲ အများစုက ဥပမာ လယ်ယာစိုက်ပျိုးရေး ဟာဆိုလို့ရှိရင်လည်းပဲ သူ့အတွက် တွက်ခြေကိုက်တဲ့ပုံစံ နည်းလမ်းနဲ့ သူက စိုက်ပျိုးတာ အများစုတွေ့ရပါတယ်။ အဲဒါကတော့ မဆန်းပါဘူး။ ရှိတဲ့မျိုး ကိုယ်ခံထားတဲ့မျိုးနဲ့ပဲ ဖြစ်သလိုကျဲပြီးတော့ ရာသီဥတုကို စောင့်ပြီးတော့ နီးနီးနားနားက ရေသွယ်လို့ရရင်လည်း သွယ်နိုင်သလောက် ကြိုးစားသွယ်ပြီးတော့ တစ်ဧကကို တင်းသုံးဆယ်၊ သုံးဆယ့် ငါးတင်းလောက်ထွက်ရင် ကျေနပ်တယ် ဆိုတဲ့နည်းက အများစုဖြစ်ပါတယ်။ ဒီနည်းနဲ့ ကျွန်တော်တို့ ရေရှည်သွားနေလို့ကတော့ မဖြစ်ဘူးဆိုတာ ဟာ သုံးချက်တွက်နည်းနဲ့တွက်ရင် ရှင်းပါတယ်။ တစ်ဖက်က လူဦးရေက တိုးပွားလာမှာဖြစ်ပါတယ်။ လူတွေတောင် စားလို့မလောက်ဘူးဆိုရင်တော့ စက်မှုကုန်းကြမ်းဆိုတာ ထွက်မလာဘဲနဲ့ မွေးမြူရေး အတွက် တိရစ္ဆာန်အစာဆိုတာလည်း ထွက်လာမှာမဟုတ်တော့ပါဘူး။ နိုင်ငံပို့ငွေဆိုတာဝေလာဝေး။ ကျွန်တော်တို့က ဒီပုံစံနဲ့ အေးအေးဆေးဆေး သက်သက်သာသာသွားနေလို့ကတော့ တောင်သူ လယ်သမားတွေမှာ ကျရင်လည်းပဲ မိသားစုက ကြီးလာမယ်။ မိဘဘိုးဘွားဆီက အဆင့်ဆင့်ရရှိလာတဲ့ အမွေခံထားတဲ့ လယ်ယာတွေကလည်းပဲ မိဘလက်ထက်မှာ ဧကသုံးဆယ်ကနေပြီးတော့ သားလက်ထက်မှာ ဧက ၂၀ မြေးလက်ထက်မှာ ၁၀ ဧက မြစ်လက်ထက်မှာ ၅ ဧကပဲ သဘောရှိတော့

တောင်သူလယ်သမားတွေ မြေမရှိဘူး။ မြေပေးကြပါအုံးဆိုတော့ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေ၊ ပြုပြင်ပြောင်းလဲရေးဆရာတွေကလည်း မြေပေးဖို့ တောင်းဆိုလာကြတုန်းပါပဲ။ အဲဒီတော့ နိုင်ငံတော်ကလည်း စေတနာနဲ့ပေးမှာပါပဲ။ သို့သော်လည်းပဲ တစ်ဖက်မှာ ကမ္ဘာကြည့်လိုက်မယ်ဆိုလို့ရှိရင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း မှာ သုံးစွဲနေတဲ့ မြေယာအချိုးထက် အခြားသော သုံးစွဲတဲ့နေရာမှာ မြေယာအချိုးက ပိုပြီးကြီးမားလာပါတယ်။ အဲဒါက ဘယ်လိုအကြောင်းကြောင့်လည်းဆိုလို့ရှိရင် မြေတစ်ဧကချင်းရဲ့ ထွက်နှုန်းက ကျွန်တော်တို့ သမရိုးကျလုပ်နေတာထက်အဆရာချီပြီး ကွာခြားလာတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီပုံစံကို ကျွန်တော်တို့ လယ်သမားတွေက မသိဘူးလားဆိုတော့ ကျွန်တော်တို့ လယ်သမားတွေလည်း သိပါတယ်။ ကျွန်တော်တို့ ပညာရှင်တွေလည်းသိပါတယ်။ နိုင်ငံရေးသမားတွေလည်း သိပါတယ်။ ပါတီတွေလည်းသိပါတယ်။ အစိုးရအဖွဲ့အစည်းဆို ပိုပြီးသိပါတယ်။ သူတို့ရဲ့ အကြံပေးပညာရှင်ဆိုပိုပြီးသိပါတယ်။ သို့သော်လည်းပဲ လက်တွေ့မှာ ဖြစ်လာဖို့ဆိုတာကျတော့ အခက်အခဲအဟန့်အတားလေးတွေရှိကြပါတယ်။ အဲဒီအတွက် ကျွန်တော်က ပိုင်ဆိုင်မှုပုံစံအနေနဲ့ ပုဂ္ဂလိက တစ်ဦးချင်းပိုင်ဆိုင်မှုကို ကျွန်တော်တို့ မထားလို့ကလည်း မဖြစ်ပါဘူး။ အများရဲ့ သဘောတရားမှာ နိုင်ငံရေးသဘောတရားမှာ အားလုံးကတော့ ပုဂ္ဂလိကပိုင်ဖို့နဲ့ လက်ရှိလက်ငုတ် တောင်သူလယ်သမားမိသားစုဝင်တွေရဲ့ စားဝတ်နေရေးတို့၊ ပိုင်ဆိုင်မှုတို့၊ အဲဒါတွေကို သွားပြီး ထိပါးတာကိုလည်းပဲ ဒါမှန်ကန်တဲ့ လမ်းကြောင်းမဟုတ်ပါဘူး။ နိုင်ငံသားတစ်ယောက်က ဒီနိုင်ငံကို ရွေးချယ်၍မွေးဖွားလာတာမဟုတ်ဘဲနဲ့ သူကျရောက်လာတဲ့ လယ်သမားဘဝကိုလည်း သူဟာ ရွေးချယ်ပြီးတော့ ရရှိလာတာမဟုတ်ဘူး။ သူ့ဟာသူကြိုးစားမယ်။ သူ့ဟာသူ လွတ်လွတ်လပ်လပ်နေမယ်ဆိုတဲ့အပေါ်မှာ နိုင်ငံတော်ပိုင်းက လုပ်ပေးနိုင်တာကတော့ သူ့ကို လွတ်လွတ်လပ်လပ် ပိုင်ဆိုင်ခွင့်ကို အပေးနိုင်ဆုံးပေးတာပဲ ဖြစ်ပါတယ်။ အဲဒီတော့ သူ့ရဲ့ပုဂ္ဂလိက တစ်ဦးချင်း ပိုင်ဆိုင်ခွင့်ပုံစံနဲ့ သူ့ကို အချို့ကတော့လည်းပဲ ခုနပြောတဲ့ ပုလဲသွယ်စပါးမျိုးတစ်ဧကကို တင်း ၂၀၀ ထွက်တာ မသိတာမဟုတ်ပါဘူး။ ဒါပေမယ့် သူ့မျိုးစေ့ဖိုး မတတ်နိုင်ပါဘူး။ အဲသူ့မျိုးကို ဝယ်လိုက်လို့ရှိရင်လည်း မျိုးဟာမှန်ရင်လည်းမှန်တယ်။ မမှန်ရင်လည်း မမှန်တာရှိပါတယ်။ မြေဩဇာသုံးရင်သုံးသလောက်ထွက်တယ်ဆိုတာပေမယ့်လည်း မြေဩဇာမမှန်ရင် မှန်မှာမဟုတ်ဘူး။ ဒါတွေလည်းတောင်သူလယ်သမားတွေမှာ ခံရပေါင်းလည်းများပါပြီ။ အဲဒီတော့ သူတို့အနေနဲ့ ရောက်ရဲတင်းတိမ်ပြီးတော့ မြေဧကပဲ တိုးချဲ့ပြီးစိုက်မယ်။ ဟိုကြောင်းဒီကြောင်း မရွေးဘူး။ လိုက်ပြီး စိုက်မယ်ဆိုတဲ့ပုံစံနဲ့ပဲဘဝရပ်တည်ဖို့အတွက် တိုးချဲ့ကြိုးစားတာကိုလည်းပဲ တစ်ဖက်က ခွင့်ပြုတာက

တော့ ခွင့်ပြုရမှာပဲဗျာ။ ဒါကတော့ ပထမအမျိုးအစားပေါ့ဗျာ။ ဒုတိယအမျိုးအစား အနေနဲ့ကတော့ နိုင်ငံခြားက လယ်ယာစိုက်ပျိုးရေးမြေကြီးတွေကို လေယာဉ်ပျံကြီးတွေနဲ့ ပိုးသတ်ဆေးတွေကျဲလာတော့ ထွန်စက်ကြီးတွေနဲ့ လေးငါးစင်းအပြိုင်မောင်းပြီးတော့ ထွန်ပြစ်လာတော့ မျိုးပြစ်တာတို့ တစ်ခါတည်းရိတ်သိမ်းနယ်လှေ့ စက်ကြီးမောင်းချတာတို့ ဒါတွေကို ကြည့်ပြီးတော့ ငွေကြေးအမြောက်အများရင်းနှီးမြှုပ်နှံမယ့် သိပ္ပံနည်းကျမျိုးတွေရွေးမယ်။ အတန်းလိုက် တညီတညာတည်း စိုက်မယ်ဆိုတဲ့ နည်းသစ်ရှိရင် အမြင်သစ်ရှိကြတဲ့ သူတွေကလည်းပဲ အခုဆိုလို့ရှိရင် နိုင်ငံတော်က ဦးဆောင်ပြီးတော့ အများပိုင်စိုက်ပျိုးရေးကုမ္ပဏီတွေ ထူထောင်ကြဖို့ဆိုတာ အားပေးနေပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေကတော့ တစ်ဆက်တစ်စပ်တည်းသော ကုမ္ပဏီလယ်ယာ ဆိုပြီးတော့ သူတို့ကလည်း လုပ်ချင်ကြမှာဖြစ်ပါတယ်။ သူတို့ကို လုပ်ပိုင်ခွင့်ပေးခြင်းဟာ မမှားပါဘူး။ သူတို့ကတော့ တစ်ဧကကို တင်း ၂၀၀ ထွက်ဖို့ ဒီကြားထဲမှာ လုပ်နိုင်တဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ငွေကြေးအားဖြင့်လည်း ရှိတယ်။ ပညာအားဖြင့်လည်းရှိတယ်။ အလုပ်သမားလည်း လွယ်လွယ်ကူကူ စုဆောင်းနိုင်တဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒီတော့ မြေယာလည်း တစ်ဆက်တစ်စပ်တည်းရဖို့ပါ။ နိုင်ငံတော်မှာ သူတို့ ပရောဂျက်တွေ တင်ပြပြီးတဲ့နောက် နောက်နောက်လို့ရှိရင် ဖြစ်နိုင်တဲ့အနေအထားလေးကိုပဲ နိုင်ငံတော်က လမ်းဖွင့်ထားပါတယ်။ တစ်ခါတံခါးဖွင့်ထားပါတယ်။ ဒုတိယနည်းဖြင့် တတိယနည်းကတော့ တောင်သူလယ်သမားထဲမှာ မိသားစုကလည်း တော်တော်လေးကြီးကြီးမားမားရှိတယ်။ အဲဒီတော့ မြေဧကအနေကလည်းပဲ အတော်အတန်တော့ရှိတယ်။ မြေဧကမရှိဘူးဆိုရင်တောင်မှ ကုမ္ပဏီရဲ့မြေမှာ ကျွန်တော်တို့ မိသားစုက ခုနစ်ယောက်၊ ရှစ်ယောက်ရှိတယ်။ ကျွန်တော်တို့ မြေဧက ၅၀ လောက် ၁၀၀ လောက်ထိ ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခင်ဗျားတို့က ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ မျိုးစပါးတွေပေးပါ။ ဓာတ်မြေဩဇာပေးပါ။ အတန်းလိုက်စိုက်ပျိုးဖို့အတွက် ကျွန်တော်တို့ အလုပ်သမားလိုရင် ထပ်ငှားမယ်။ စိုက်ပျိုးဖို့အတွက် ကျွန်တော်တို့ ချေးငွေတွေ ထုတ်ပေးပါ။ ကျွန်တော်တို့နဲ့ ခင်ဗျားတို့ စာချုပ်ချုပ်ကြမယ်ဆိုတဲ့ အမြင်ကျယ်တဲ့ မိသားစုလည်း ကြီးတယ်။ လုပ်အားလည်းများများရှာနိုင်တဲ့ လယ်သမားမိသားစုလည်း ရှိပါတယ်ခင်ဗျ။ အဲဒီလယ်သမားမိသားစုတွေနဲ့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ ဌာနကပဲဖြစ်စေ၊ ပုဂ္ဂလိက ကုမ္ပဏီကပဲဖြစ်စေ၊ စောစောကဖွဲ့စည်းထားတဲ့ စိုက်ပျိုးရေးဆိုင်ရာအများပိုင်ကုမ္ပဏီကပဲဖြစ်စေ တောင်သူလယ်သမားနဲ့ ကုမ္ပဏီတို့ ဖက်စပ်လို့ခေါ်ရင်လည်း ခေါ်ပေါ့လေ။ ကုန်ကြမ်းပေး ကုန်ချောယူနဲ့ ကန်ထရိုက်ဆွဲယူပြီးတော့ လုပ်ငန်းနည်းစနစ်က တစ်မျိုးပေါ့လေ။ အဲဒါတွေအားလုံး

အကျုံးဝင်တဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစီမံကိန်းကြီး တစ်ရပ်ရေးဆွဲဖို့ ကျွန်တော်က အဆို တင်သွင်းတာ ဖြစ်ပါတယ်။ ဒီမှာတစ်ခုထပ်ပြီးတော့ ကျွန်တော် ရှင်းအောင်ပြောချင်တာလေးရှိပါတယ်။ စီမံကိန်းဆိုတဲ့နေရာမှာ ကျွန်တော်တို့က အမျိုးသားစီမံကိန်း နိုင်ငံတော်က ကျင့်သုံးနေပါတယ်။ အမျိုးသားစီမံကိန်းဆိုတာက ပဥ္စမငါးနှစ်စီမံကိန်း၊ အဲဒီမှာ နှစ်တိုနှစ်စဉ်စီမံကိန်း ၅ ခုပါတယ်။ တစ်ခါ ကဏ္ဍပေါင်းစုံပါဝင်တဲ့အတွက်ကြောင့် ကဏ္ဍအလိုက် စီမံကိန်း Sect oral Plan တွေပါတယ်။ ဒေသအလိုက် စီမံကိန်း(Regional Plan)တွေပါတယ်။ ဒီ Regional Planအနေနဲ့ကတော့ ကျွန်တော်တို့ ပြည်ထောင်စုစီမံကိန်းကြီးချုပ်ပါမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က အကောင်အထည် ဖော်ရမယ့် ခုန လုပ်ငန်းကဏ္ဍလေးတွေကို ပြန်ပိုင်းပြီးတော့ ခွဲဝေချထားတဲ့ အပိုင်းပါမယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးကနေပြီးတော့ အောက်ခြေခရိုင်နဲ့ မြို့နယ်တွေကို အဆင့်ဆင့်စီမံပေးဖို့ ခွဲပြီးတော့ ချပေးသွားတဲ့ အပိုင်းတွေပါတယ်။ ဒါကတော့ အမျိုးသားစီမံကိန်းလို့ ခေါ်ပါတယ်။ ဒီအမျိုးသား စီမံကိန်းက တစ်မျိုးဖြစ်ပါတယ်။ ကျွန်တော် အခုပြောတာကတော့ လုပ်ငန်းစီမံကိန်းဖြစ်ပါတယ်။ လုပ်ငန်းစီမံကိန်းသုံးလေးခု ပေါင်းထားတဲ့အတွက် ကြောင့် ကျွန်တော်တို့က ပေါင်းစပ်ထားသော လုပ်ငန်းစီမံကိန်းတစ်ခုတည်းသော ပေါင်းစပ်ထားသည့် လုပ်ငန်းစီမံကိန်းများလို့ ဆိုလိုပါတယ်။ consolidated Project plan ဖြစ်ပါတယ်။ အဲဒီတော့ ဒီနှစ်ခု မတူဘူးဆိုတာကို ပြောချင်ပါတယ်။ ဘာကြောင့် ကျွန်တော် ပြောရသလဲဆိုတော့ကာ ကျွန်တော့်ရဲ့ ဒီအဆိုမှာ ဒါကတော့ အမျိုးသားစီမံကိန်းမှာ ပါပြီးသားဖြစ်နေတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ပြည်နယ် တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေနဲ့ သုံးလတစ်ကြိမ်ပြီးတော့ တွေ့နေတယ်။ အဲဒီမှာလည်းပဲ စီမံကိန်း တွေချနေတယ်။ အဲဒီစီမံကိန်းတွေကိုလည်းပဲ အကောင်အထည်ဖော်နေတယ်။ ကဏ္ဍအလိုက် ဆိုလို့ရှိရင်လည်း လယ်ယာနဲ့ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်နေတယ်။ လယ်ယာနဲ့ ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ တွဲပြီးလုပ်နေတာလဲရှိတယ်။ အဲဒီဟာ တွေကြောင့် ဒီကျွန်တော့်ရဲ့အဆိုက မလိုအပ်တော့ပါဘူးဆိုတဲ့ ဝေဖန်မှုမျိုးတွေ ကျွန်တော် မကြုံချင်လို့ပြောတာဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသားစီမံကိန်းက သက်သက်၊ Project စီမံကိန်း တွေက သက်သက်ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းဆိုတာကို အစဉ်အလာ ဈေးကွက်စီးပွားရေး နိုင်ငံတွေမှာ ပြောခြင်းမရှိပါဘူး။ နောက်ပြီးတော့ကာ အမျိုးသားစီမံကိန်းဆိုတာကို ယခင်စီမံကိန်းချ စီးပွားရေးနိုင်ငံတွေကသာ ကျင့်သုံးပါတယ်။ ယနေ့ထိအောင်ပဲ တရုတ်တို့၊ ရုရှားတို့မှာ ဆက်ပြီး ကျင့်သုံးပါမယ်။ ဗီယက်နမ်မှာလည်း သုံးပါတယ်။ ဘာဖြစ်လို့ သုံးလည်းဆိုတော့ကာ သူတို့အနေနဲ့

ကတော့ One Party System လောက်ဖြစ်ပါတယ်။ ဒါ Russia ကတော့ Multi-Party ဆိုပေမယ့်လည်း One Party ပါပဲ။ မည်သို့ပင်ဖြစ်စေပေါ့လေ။ အဲဒီကနေ ပြီးတော့ GDP တွက်ပါတယ်။ မနှစ်က ဘတ်ဂျက်ကိစ္စမှာကျွန်တော်တို့က GDP တွေ တွက်ချက်မှု မှာ National Net ပေါ်မှာ တင်ပြီးတော့ တွက်ထားတာရှိပါတယ်။ သို့သော်လည်းပဲ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနဝန်ကြီးက နောက်ပိုင်းမှာ System of National Accounting သုံးဖို့ ရှိတယ်လို့ ပြောပါတယ်။ အဲဒီတော့ အမျိုးသားစာရင်းကိုင်အနေနဲ့ တစ်နည်းအားဖြင့်တော့ Social Accounting လို့ ဘာသာရပ်မှာခေါ်ပါတယ်။ လူမှုရေးစာရင်းလို့ ခေါ်ပါတယ်။ လူမှုရေးစာရင်းနဲ့ တွက်ချက်ပါတယ်။ ကျွန်တော်တို့က GDP ကို National Accounting တို့ Social Accounting တို့နဲ့ တွက်ချက်မှုအစဉ်အလာ မရှိသေးတဲ့အတွက်ကြောင့် National ဘလမ်းကို မစွန့်လွှတ်သေးတာလား ဆိုတာကျွန်တော်စဉ်းစားမိတယ်။ သို့သော်လည်းပဲ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ တိုင်းပြည်တစ်ခုမှာ စီးပွားရေးနိုင်ငံတော်အစိုးရတစ်ရပ်က ကိုင်တွယ်ပြီးတော့ စီမံခန့်ခွဲ ခွဲဝေ အကောင်အထည်ဖော်ရတဲ့အခါမှာ ကိုယ်နိုင်တဲ့ ကျင့်သားရတဲ့ အုပ်ချုပ်မှုပုံစံနဲ့ သွားတာကိုတော့ ကျွန်တော်တို့ ဘာမှမပြောပါဘူး။ ဥပမာအားဖြင့် တရုတ်တို့ ရုရှားတို့မှာလည်း ဒီနည်းနဲ့ပဲ ဆက်သွားနေတာလေးရှိတယ်။ ဒါကို ကျွန်တော်က ကိုယ်လိုချင်တဲ့ပုံစံအတိုင်း Market Economy စစ်စစ်ဖြစ်အောင် သွားရမယ့်သဘောနဲ့ကျွန်တော်ပြောတာမဟုတ်ပါဘူး။ နောက်ပြီး ကျွန်တော် ပြောလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာဖူလုံရေးအတွက် လက်ရှိပုံစံအတိုင်း လယ်သမားတွေကြီးပဲ အားကိုးလို့ကလည်း မရတဲ့အတွက် အဲဒါကို အမှန်အတိုင်းဝန်ခံပြီးတော့ တစ်ဖက်ကနေပြီးတော့ လယ်သမားတွေ ပိုင်ဆိုင်မှုကိုလည်း ကျွန်တော်တို့က ခွင့်ပြုမပြုလို့ မရတဲ့အတွက် သူတို့နဲ့အမြင်ကျယ်တဲ့ကုမ္ပဏီကြီးတွေ အမြင်ကျယ်တဲ့ပညာရှင်တွေ တောင်သူ လယ်သမားတွေ လိုအပ်မယ့်ပစ္စည်းကို ပံ့ပိုးနိုင်တဲ့ Import Export ကုမ္ပဏီကြီးတွေအနေနဲ့က ကုမ္ပဏီကြီးတွေနဲ့ ကန်ထရိုက်ချုပ်ပြီးတော့လုပ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းလုပ်တဲ့ပုံစံကို အသွင်ပြောင်း ကြဖို့အတွက် ကျွန်တော် ဒီအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးသဘောပေါက်နားလည် လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးကြည်မြင့် တင်သွင်းသွား တဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အစည်းအဝေးတက်ရောက်ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်က ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ လသာမဲဆန္ဒနယ်က ဦးကြည်မြင့် တင်သွင်းသွားတဲ့ စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုကုန်ကြမ်းရရှိရေး၊ ပို့ကုန်ဝင်ငွေ တိုးတက်ရေးတို့အတွက် ပုဂ္ဂလိကတောင်သူလယ်သမားတစ်ဦးချင်း တစ်ဆက် တစ်စပ်တည်းရှိ ကုမ္ပဏီလယ်ယာများနှင့် တောင်သူလယ်သမားများ၊ သွင်းကုန်ပို့ကုန်ကုမ္ပဏီများကြား ကုန်ကြမ်းပေး ကုန်ချောယူ ကန်ထရိုက်လယ်ယာစနစ်များပါဝင်တဲ့ စီမံကိန်းတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်ဆိုတဲ့ အဆိုနဲ့ပတ်သက် ပြီးတော့ ဒီအဆိုဟာ အခုအချိန်ကာလနဲ့ ဆွေးနွေးဖို့ လိုလည်းလိုအပ်တယ်။ သင့်လည်းသင့်မြတ်တာဖြစ်တဲ့အတွက် ဒီအဆိုကို ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ လက်ခံ ဆွေးနွေးဖို့ရန်အတွက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးကြည်မြင့် တင်သွင်းတဲ့အဆို လွှတ်တော်သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော် မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်သိန်းအနေနဲ့ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်တင်ပြတဲ့ စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုကုန်ကြမ်းရရှိရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရေး တို့အတွက် ပုဂ္ဂလိက တောင်သူလယ်သမား၊ တစ်ဦးတည်းပိုင် တစ်ဆက်တစ်စပ်တည်းသော ကုမ္ပဏီလယ်ယာ တောင်သူလယ်သမားများနဲ့ သွင်းကုန်ပို့ကုန် ကုမ္ပဏီများကြားကုန်ကြမ်းပေး ကုန်ချောယူ ကန်ထရိုက်လယ်ယာစနစ်များပါဝင်သည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းတစ်ရပ်ရေးဆွဲ ပြဋ္ဌာန်းပေးရန် ဆိုတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ကန့်ကွက်လိုပါတယ်။ မနေ့က ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဇလွန်မဲဆန္ဒနယ်က ဦးတင်ထွတ်တင်ပြသွားတဲ့ လယ်ယာမြေများ၊ သိမ်းဆည်းခံရခြင်း၊ ပြဿနာများကို စုံစမ်းလေ့လာဖော်ထုတ်၍ တောင်သူ လယ်သမားများ နစ်နာမှုမရှိစေရေးတရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို မနေ့က

လက်ခံဆွေးနွေးဖို့ သဘောတူပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ဦးကြည်မြင့် တင်သွားတဲ့ လောလောဆယ်အဆိုဟာ မနေ့က ဦးတင်ထွတ်တင်ထားတဲ့ လယ်ယာမြေပြဿနာများ အများအပြားရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဦးတင်ထွတ် တင်ထားတဲ့ဟာကို ၁၂ ရက်နေ့မှာ ပြန်လည်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီကိစ္စပြီးပြတ်မှ ဒီကိစ္စဆွေးနွေးပြီးမှ ဦးကြည်မြင့်ရဲ့စားနပ်ရိက္ခာကိစ္စကို နောက်တစ်ဆင့်အနေနဲ့ ပြန်လည်စဉ်းစားပြီး လောလောဆယ်လက်ခံဆွေးနွေးရန်အကြောင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ လသာမဲဆန္ဒနယ်က ဦးကြည်မြင့် တင်သွင်းသွားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံမှုမပြုကြောင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ နိုင်ငံဟာ ထိုက်သင့်တဲ့ စားနပ်ရိက္ခာဖူလုံမှုရှိတယ်လို့ ကျွန်တော်တို့ ထင်မြင်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ရှုပ်ထွေးတဲ့ အသုံးအနှုန်းတွေနဲ့ ဆွေးနွေးတဲ့အချိန်ကာလလည်း ပိုတယ်လို့ကျွန်တော် သီးခြားအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ဒီလို စီမံကိန်းတစ်ရပ်ရေးဆွဲဖို့ဆိုတာ ကျွန်တော်တို့ ချိတ်ဆက်ရမယ့်ကိစ္စတွေကလည်း များပြားစွာ ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံတွေနဲ့ ချိတ်ဆက်ဖို့ လိုအပ်မှာဖြစ်တဲ့အတွက် ဒီအဆိုဟာ အချိန်ကာလအနေနဲ့ စောင့်ကြည့်ဖို့ သင့်သေးတယ်လို့ တင်ပြလိုပါတယ်။ လယ်ယာမြေပိုင်ဆိုင်ခွင့်တွေနဲ့ ပတ်သက်ပြီးတော့လည်း တောင်သူလယ်သမားတွေအရေးတွေကို စောင့်ကြည့်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေ ဆောင်ရွက်ပေးတဲ့ကိစ္စတွေက အထင် အရှားဖြစ်ပါတယ်။ သွင်းကုန်ပို့ကုန်ကိစ္စတွေကလည်း သတ်မှတ်ထားတဲ့ နည်းလမ်းတွေ၊ စည်းမျဉ်း ဥပဒေတွေ ရှိပြီးဖြစ်ပါတယ်။ ကုန်ကြမ်းပေးကုန်ချောယူဆောင်ရွက်ဖို့ ကိစ္စတွေကို စီမံကိန်းတစ်ရပ် အထိ ရေးဆွဲပြဌာန်းပြီးတော့ ဆောင်ရွက်ဖို့ဆိုတာ ဒီကိစ္စတစ်ခုနဲ့ပတ်သက်ပြီးတော့ ဒီကိစ္စထက် အရေးကြီးတဲ့ အကြောင်းအရာတွေများစွာ ရှိနေသေးတယ်လို့ သုံးသပ်မိပါတယ်။ ခေါင်းစဉ်ဖတ်တာနဲ့ကို ကျွန်တော်တို့မှာ ရှုပ်ထွေးလှပါတယ်။ ဒါကြောင့်မို့ ဒီကိစ္စကို လက်တွေ့ဆောင်ရွက် မယ်ဆိုရင်ပိုမို ရှုပ်ထွေးစရာအကြောင်းတွေ ရှိနိုင်မယ်လို့ ထင်မြင်ယူဆတဲ့အတွက် ဒီအဆိုကို ကန့်ကွက်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခုနက ကိုယ်စားလှယ်တော်ကြီးနှစ်ဦး ဆွေးနွေးသွားတဲ့ အချက်တွေမှာလည်း လသာမဲဆန္ဒနယ်က ကိုယ်စားလှယ်တော်ကြီး ဦးကြည်မြင့် တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကန့်ကွက်ရတဲ့အကြောင်းအချက်များလည်း ပါပြီးပါပြီ။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီစိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်သမားတွေနဲ့ ပတ်သက်တဲ့ အရေး အခင်းတွေကို နိုင်ငံတော်ကလည်း ဦးစားပေးလုပ်ငန်းအနေနဲ့ သတ်မှတ်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတကြီးဦးစီးတဲ့ အစိုးရအဖွဲ့အနေနဲ့ကလည်း ဦးစီးဦးဆောင်ပြုပြီးတော့ ဒါတွေ တိုးတက်ရေးအတွက် ဆောင်ရွက်ပြီးသားဖြစ်နေတဲ့အတွက် လောလောဆယ် ဒါကို ကျွန်တော်တို့ လွှတ်တော်ထဲမှာ အဆိုတင်သွင်းဆွေးနွေးခြင်းအားဖြင့် အချိန်ကုန်တာပဲရှိမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်တဲ့အတွက်ကြောင့် ဒီအဆိုကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီမှာ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနက ပုဂ္ဂိုလ်လည်း အခန်းထဲ ရောက်နေတဲ့အတွက် ပြည်ထောင်စုအဆင့်ရဲ့ သဘောထားရှင်းပြပေးပါ။

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုကုန်ကြမ်းရရှိရေး၊ ပို့ကုန်ဝင်ငွေ တိုးတက်ရေးတို့အတွက် ပုဂ္ဂလိက တောင်သူလယ်သမားတစ်ဦးချင်းပိုင် တစ်ဆက်တစ်စပ် တည်းသော ကုမ္ပဏီပိုင် တောင်သူလယ်သမားနှင့် သွင်းကုန်ပို့ကုန်ကုမ္ပဏီများအကြား ကုန်ကြမ်း ပေးကုန်ချောယူကန်ထရိုက်လယ်ယာစနစ်ပါဝင်တဲ့ စိုက်ပျိုးမွေးမြူရေးစနစ်ပြဋ္ဌာန်းပေးရန် အဆိုနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ကျွန်တော် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံဟာ လယ်ယာကဏ္ဍသီးနှံအပေါ်မှာ တိုးတက်ထုတ်လုပ်နိုင်ပြီး တောင်သူလယ်သမားများ တွက်ခြေကိုက်တဲ့ အကျိုးအမြတ်ရရှိခံစားနိုင်ရန် အစိုးရအနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ဖြစ်စေတဲ့ မူဝါဒများ၊ စီမံကိန်းများ၊ ပံ့ပိုးကူညီမှုများကို ချမှတ်ဆောင်ရွက် လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်အရ သီးနှံစိုက်ပျိုး ထုတ်လုပ်ကြိတ်ခွဲခြင်းကိစ္စများကို တောင်သူလယ်သမားများနဲ့ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၊

ပူးပေါင်းလျက်လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး ဖြစ်ပါတယ်။ တောင်သူ လယ်သမားများအနေနဲ့လည်း မိမိနှစ်သက်ရာသီးနှံကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခွင့်လည်း ရှိထားပြီးဖြစ်ပါတယ်။ အရင်းအနှီးနည်းပါးတဲ့ တောင်သူလယ်သမားများ၊ ရာသီအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း တတ်နိုင်သည့်ကဏ္ဍအထိ အစိုးရဘဏ္ဍာငွေမှ ထုတ်ချေးပေးနေသလို သီးနှံအထူးပြုကုမ္ပဏီများကလည်း လိုအပ်တဲ့သွင်းအားစုများ ငွေကြေးများ ပံ့ပိုးကူညီထွက်ရှိသည့်သီးနှံပြန်လည်ရယူသည့်စနစ်ကို အားပေးကူညီ လျက်ရှိပါတယ်။ ယင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုမှာပါဝင်တဲ့ ကန်ထရိုက်လယ်ယာစနစ်ရဲ့ အခြေခံသဘောတရားအတိုင်းပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ပုဂ္ဂလိကလုပ်ငန်းရှင်များက BOT စနစ်နဲ့ ငှားရမ်းဆောင်ရွက်လျက်ရှိတဲ့ သကြားစက်၊ ဂုန်နီစက်စတာတို့ကို လည်ပတ်နိုင်ဖို့အတွက် ကျန်တဲ့ ဂုန်လျှော်တောင်သူလယ်သမားများ ပံ့ပိုးမှု များဖြည့်ဆည်းပေးခြင်း၊ သီးနှံဈေးကောင်းပေးဝယ်ခြင်းစတဲ့ ကန်ထရိုက်လယ်ယာစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာမှာ အောင်မြင်မှုများ ဒီနေ့ရရှိနေပြီ ဖြစ်ပါတယ်။ ဒါအပြင် စိုက်ပျိုးမွေးမြူရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးစတဲ့ တိုင်းဒေသကြီး(၆)ခု ရခိုင်၊ ရှမ်း၊ ကရင်၊ မွန်စတဲ့ တိုင်းဒေသကြီးလေးခုနဲ့ နေပြည်တော်ကောင်စီတို့မှာ ဆန်စပါးအထူးပြုကုမ္ပဏီ ၅၇ ခု ပဲမျိုးစုံအထူးပြုကုမ္ပဏီ ၂၂ ခုနဲ့ သီးနှံမျိုးစုံအထူးပြုကုမ္ပဏီ ၁ ခု စုစုပေါင်း အထူးပြုကုမ္ပဏီ ၈၀ နဲ့ ၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေတဲ့ ဦးဆောင်ကုမ္ပဏီတစ်ခုက မိမိအဆက်အစပ်ရှိတဲ့ မြို့နယ်တစ်ခုမှာ ကွင်းဆင်းစည်းရုံးရရှိတဲ့ ကျေးရွာအုပ်စုများ၊ ကျေးရွာများအနက် အကျိုးတူဆောင်ရွက်ပြီးတောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ပို့ကုန်သွင်းကုန်ဆောင်ရွက်မယ့် လုပ်ငန်းရှင်များပါဝင်တဲ့ အထူးပြုကုမ္ပဏီတစ်ခုဖွဲ့စည်းပြီး အကျိုးဆောင်တောင်သူများအားမျိုး၊ သွင်းအာစုများ၊ ပျိုးစေ့များပံ့ပိုးပေးခြင်း၊ ထွက်ရှိလာတဲ့သီးနှံများအား အရည်အချင်း သတ်မှတ်ပြီးတော့ ပေါက်ဈေးနဲ့ ပြန်လည်ဝယ်ယူခြင်းများလည်း ဒီနေ့ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ရရှိထားတဲ့ ဘဏ္ဍာငွေအခြေအနေအပေါ်မူတည်ပြီးတော့ ဦးစားပေးဆောင်ရွက်သင့်တဲ့ လယ်ယာမြေအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း ချမှတ်ဆောင်ရွက်ပေးလျက်ရှိသလို လယ်ယာကဏ္ဍစီးပွားရေးဖွံ့ဖြိုးမှုတွင် ပုဂ္ဂလိကကဏ္ဍရဲ့ ပါဝင်ဆောင်ရွက်မှုကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား သင့်လျော်တဲ့ပုံစံနဲ့ ကန်ထရိုက်လယ်ယာကို ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ယင်းသို့ ပူးပေါင်း

ဆောင်ရွက်မှုတွင် နှစ်ဖက်ကတိကဝတ်များဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရန် ပဋိညာဉ်ဆိုင်ရာဥပဒေများလည်း ထားရှိပြီးဖြစ်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ်မှာ တောင်သူများနဲ့ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးအနေဖြင့် လိုအပ်တဲ့မူဝါဒများ၊ သင့်လျော်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမှုများကိုသာ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ သက်ဆိုင်ရာဒေသအလိုက် သင့်လျော်တဲ့ ကန်ထရိုက်လယ်ယာလုပ်ငန်းများကို ဈေးကွက်အခြေအနေနဲ့အညီ ရင်းနှီးမြှုပ်နှံမှုများဖြင့် တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ထားခြင်းက ကိုက်ညီမှုလည်း ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ အဆိုဖြစ်တဲ့ တောင်သူလယ်သမားရဲ့ သွင်းကုန်ပို့ကုန်၊ ထုတ်ကုန်ကုန်ကြမ်းပေးကုန်ချော့ယူ ကန်ထရိုက်လယ်ယာစနစ်များပါဝင်တယ်။ စိုက်ပျိုးမွေးမြူရေးစီမံကိန်းတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရာမှာ လက်ရှိကျင့်သုံးနေလျက်ရှိတဲ့ စီးပွားရေးစနစ်အရ နိုင်ငံတော်အစိုးရမှ ချမှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ပြီ မဟုတ်ပါကြောင်းနဲ့ ယခုတင်သွင်းတဲ့အဆိုကိုလည်း ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း ကျွန်တော့်တအနေနဲ့ တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို တင်သွင်းတဲ့ ဦးကြည်မြင့်ရဲ့ သဘောထားပြောပါ။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ဒါကတော့ ဒီအဆိုဟာ ကျွန်တော် အဆိုမတင်သွင်းခင်ကတည်းကကိုက ကျွန်တော်က Theoretically ဒီကောင့်ကို Theory အရနားလည်ထားပြီးတော့ လက်ခံအကောင်အထည်ဖော်သင့်တဲ့ အလုပ်တစ်ခုလို့ မြင်ထားတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ကျွန်တော့်မတိုင်ခင်ကတည်းကိုက အမှန်အတိုင်းပြောလို့ရှိရင်တော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကနေပြီးတော့ ဒီကိစ္စကို ပြီးတဲ့လွှတ်တော်အစည်းအဝေးသုံးကြိမ်မှာ ကြုံကြိုက်သလို ဝင်ပြီးတော့ ပြောတဲ့ကိစ္စတွေကို ဖြေကြားရတဲ့ ကိစ္စတွေ အပါအဝင်ဆိုလို့ရှိရင် သုံးလေးကြိမ်လောက်ရှိပါတယ်။ ဒီသဘောတရားကို ဝန်ကြီး ဦးမြင့်လှိုင်ကိုယ်တိုင်က ပြောတာရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာကျွန်တော်က ဘာကြောင့်ဆက်ပြောလဲဆိုလို့ရှိရင် ပြီးခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးမှာကျတော့ ဌာနဆိုင်ရာဘတ်ဂျက်တွေကို ဖြတ်တောင့်လိုက်တဲ့အခါမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဘတ်ဂျက်ကလည်း တော်တော်များများ ဖြတ်တောင့်တဲ့အထဲမှာပါသွားပါတယ်။ ကျွန်တော်က

စိုးရိမ်တာက ကိုယ့်နိုင်ငံတိုးတက်ရာတိုးတက်ကြောင်းမှာ အားကြိုးမာန်တက်လုပ်မယ်၊ ကိုင်မယ်လို့ ဝန်ကြီးက ကြိုးပမ်းပြီးတော့ ပြောခဲ့တယ်။ စီမံတဲ့ကိစ္စတစ်ခုမှာ ဘတ်ဂျက်ဖြတ်တောင့်တာလည်း ခံလိုက်ရတဲ့အခါမှာ သူက ကျွန်တော်တို့ ဘတ်ဂျက်မပေးရင်လည်း မပေးပါနဲ့ ကျွန်တော်တို့ တာဝန်ရှိတာ ကြိုးစားမယ်။ ကျွန်တော်တို့ ရှေ့မှာရှိခဲ့တဲ့ အကြီးအကဲတွေရဲ့ လုပ်ခဲ့တဲ့ ကိစ္စတွေကို ကျွန်တော် ဆက်လက်အကောင်အထည်ဖော်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်ပြီးတော့ သွားမယ်။ ကြိုးစားမယ်ဆိုတဲ့ စာကားလေးကို ကျွန်တော် မြင်ယောင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဘတ်ဂျက်ကို အကြောင်းပြုပြီးတော့များ ဆက်ပြီးစီမံမယ့် ကိစ္စလေးတွေက နှောင့်နှေးသွားမလားဆိုတဲ့ စိုးရိမ်စိတ်လေးတွေလည်း ကျွန်တော့်မှာရှိပါတယ်။ နောက်တစ်ချက်က ကျွန်တော်ခုနက ပြောသွားတဲ့ Theory အားဖြင့် မြင်တယ်ဆိုတဲ့ကိစ္စက ကျွန်တော်တို့ တောင်သူလယ်သမားတွေတစ်ဦးချင်းမှာ ဖြစ်သလို စိုက်ပြီးတော့ ရသလောက်နဲ့ တင်းတိမ်ပြီးတော့ မြေယာကို တိုးချဲ့တောင်းဆိုတဲ့ပုံစံမျိုးနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စားနပ်ရိက္ခာဖွံ့ဖြိုးရေးကိစ္စ၊ စက်မှုကုန်ကြမ်းရရှိရေးကိစ္စ၊ ပို့ကုန်အဖြစ်ကောက်ပဲသီးနှံ လိုက်လံဝယ်ယူပြီးစုဆောင်းပြီး တင်ပို့နေတဲ့ကိစ္စ ဒီကိစ္စတွေက ရေရှည်ဒီအတိုင်းသွားနေလို့ မဖြစ်ဘူးဆိုတဲ့သဘောတရားကိုလည်း ကျွန်တော်မြင်လို့ပါ။ အဲဒီတော့ ဒီဥစ္စာတွေမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ အမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေ ပညာရှင်တွေ ဌာနဆိုင်ရာတွေ လူကြီးမင်းတွေကနေပြီးတော့ ဒါကို ဒီဥစ္စာကတော့ ဒီလောက်နဲ့ မဖြစ်သေးဘူး။ ပြန်ပြီးလုပ်ကြစို့ ဆိုတာမျိုးလေးများ ဖြစ်ဖို့အတွက် ကျွန်တော်တို့ ဒီအဆိုကို အသစ်ပြန်လည်ပြီးတော့ Refresh လုပ်ပြီး တင်တာဖြစ်ပါတယ်။ ဒါအခုကျွန်တော့်ကို ဝိုင်းဝန်းဆွေးနွေးပြီးတဲ့အတွက်ကြောင့် ကျွန်တော်အများကြီးကျေးဇူးတင်ပါတယ်။ မှန်ပါတယ်။ တိုင်းပြည်တစ်ခုမှာ လုပ်တဲ့လုပ်အားတွေရော အလုပ်တွေရောအများကြီးပါ။ မအားအလပ်ကြတာလည်း ရှိပါတယ်။ အဲဒီတော့ ဦးစားပေးရမယ့်အလုပ်ဆိုတာတွေကလည်း ရှိကြမှာပါပဲ။ အဲဒီတော့ကာ ခုနက ရှုပ်ထွေးတဲ့အသုံးအနှုန်းဆိုတဲ့ကိစ္စကတော့ ကျွန်တော် မရှိဘူးလို့ထင်ပါတယ်။ တော်တော်လေးရှင်းတဲ့ကိစ္စမို့လို့ပါ။ ဘယ်လိုပဲဖြစ်စေပေါ့လေ။ အားလုံးအနေနဲ့ကတော့ လုပ်နေကိုင်နေကြပါပြီ။ တက်ညီလက်ညီလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံအနေအထားနဲ့ ကိုက်ညီအောင်လည်းပဲ စောစောက ဒုတိယဝန်ကြီးက ဝင်ရောက်ပြီးတော့ အာမခံဖြေကြားပေးသွားတာလည်း ရှိပါ

တယ်။ ကျွန်တော်တို့က ကျွန်တော့်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ရှေ့ဆက်လက်ပြီး တင်သွင်းခြင်း မပြုတော့ကြောင်း အကြောင်းကြားအပ်ပါတယ်ခင်ဗျား။(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကြည်မြင့်က ၎င်းတင်သွင်းမယ့် အဆိုအား ပြန်လည်ရုပ်သိမ်းကြောင်း တင်ပြတဲ့အတွက် ဦးကြည်မြင့်ရဲ့ အဆိုပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်၊ (ထြဘာသံများ)

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ၂၀၁၂ ခုနှစ် ပညာရေးသုတေသန ဥပဒေကြမ်း ကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ ပညာရေးမြှင့်တင်မှုကော်မတီက ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီအား ဥပဒေကြမ်းတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြဦး(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမြဦးဖြစ်ပါတယ်၊ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်ပြီး အကျင့်စာရိတ္တကောင်းမွန်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြုစုထားသော ၂၀၁၂ ခုနှစ်၊ ပညာရေးသုတေသနဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဖတ်ကြားတင်သွင်းခွင့်ပြုရန် ပန်ကြားအပ်ပါတယ်။ ရည်ရွယ်ချက်မှာ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက်များနဲ့အညီ ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိကျင့်သုံးလျက်ရှိသော ပညာရေးသုတေသနဥပဒေမှာ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသန ဥပဒေဖြစ်ပြီး ၁၉၈၉ ခုနှစ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၂၁/၈၉ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းထားသော ဥပဒေဖြစ်ပါသည်။ နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းလျက်ရှိသော ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရည်မြှင့်မားရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခင်က ပြဋ္ဌာန်းခဲ့သော ဥပဒေကို ရုပ်သိမ်းပြီး ပညာရေးသုတေသနဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ရန် ယခုအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကြောင်းကျိုးဖော်ပြချက်ပညာရေးသုတေသနဥပဒေကို အောက်ပါအချက်များနဲ့အညီ ပြင်ဆင်ရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်သတ်မှတ်သင်ယူပညာရေးတို့ ပါဝင်သည့် ပညာရေးစနစ်နှင့် ပညာရေးလုပ်ငန်းများကို အကျိုးပြုစေမည့် စီမံချက်ချမှတ်၍ စနစ်တကျစူးစမ်းလေ့လာစိစစ်သုံးသပ် ဆောင်ရွက်ရသည့် အခြေခံသုတေသန၊ အသုံးချသုတေသန၊ လက်တွေ့သုတေသန၊ လေ့လာစူးစမ်းမှုသုတေသန စသည့် သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတော်၏ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ သုတေသနဆိုင်ရာလမ်းညွှန်မှုများကို ချမှတ် ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပညာရေးလုပ်ငန်းများဖြစ်သည့် မြန်မာနိုင်ငံသားများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်၊ အတွေးအခေါ်၊ အလေ့အကျင့် တိုင်းရင်းသားယဉ်ကျေးမှု၊ ရသခံစားတတ်မှု အစရှိသည့် အရည်အချင်း အရည်အသွေး ပြည့်စုံစေရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသော သင်ကြားသင်ယူမှု ပညာရည်စစ်ဆေး တိုင်းတာမှုလေ့ကျင့်ပြုစုပျိုးထောင်မှုဆိုင်ရာလုပ်ငန်းများကို အထောက်အကူဖြစ်မည့် ပညာရေးသုတေသနလုပ်ငန်းများ၊ ဆောင်ရွက်နိုင်ရေး၊ ပညာရေးသုတေသနလုပ်ငန်းများ အစဉ်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ဆက်နွယ်နေသည့် အခြားသော သုတေသနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ဖတ်ရှုရာတွင် လွယ်ကူရှင်းလင်းမှုရှိစေရန် ပြင်ဆင်ခြင်းတို့လည်း လိုအပ်ပါသဖြင့် ဤဥပဒေအသစ်ကို အဆိုပြုတင်ပြရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအနေနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြုစုထားသော ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်းကို လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ဖတ်ကြား ရှင်းလင်း ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (ခ) အရ ၂၀၁၂ ခုနှစ် ပညာသုတေသန ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင့်။ ဥပဒေကြမ်းကော်မတီကိုယ်စား ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်အစီရင်ခံတင်ပြမှာဖြစ်ပါတယ်ရှင့်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး တိုးတက် စေရန်အတွက် ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသနဥပဒေအား ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၁/၈၉ ဖြင့် ပြင်ဆင်အဲ့မှုကို နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းလျက်ရှိသော ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်းကို အသစ်ရေးဆွဲပြုစု တင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ပညာရေးသုတေသနဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လက်ရှိပြည်ထောင်စုအဆင့် ဝန်ကြီးဌာနဖွဲ့စည်းပုံများနှင့်အညီ

လိုက်လျောညီထွေမှုရှိစေရန်၊ နိုင်ငံတကာပညာရေးစနစ်နှင့် ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ခေတ်မီပညာရေးစနစ်ဖော်ဆောင်ရာတွင် ပိုမိုထိရောက်စေရန် ရည်ရွယ်ကြောင်းဖော်ပြထားပါသည်။

၃။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှု ကော်မတီမှ တင်သွင်းလာသည့် ၂၀၁၂ ခုနှစ် ပညာရေးသုတေသန ဥပဒေကြမ်းတွင် အခန်း (၄)ခန်းနှင့် ပုဒ်မပေါင်း ၇ ခု ပါရှိပါသည်။

၄။ ပြည်သူ့လွှတ်တော်၊ဥပဒေကြမ်းကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ် ပညာရေး သုတေသနဥပဒေကြမ်း အားစိစစ်ရာတွင် အခြေခံရမည့်မူ (၁၂)ချက်ဖြင့် စိစစ်ခဲ့ကြပါသည်။ ထိုသို့စိစစ်တွေ့ရှိချက်များကို ပညာရေးမြှင့်တင်မှုကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှအဖွဲ့ဝင်များ ၊ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့် ၁၄.၆.၂၀၁၂ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၅။ ၂၀၁၂ ခုနှစ် ပညာရေးသုတေသန ဥပဒေကြမ်းအား လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေခေါင်းစီးတွင် ပါရှိသော “၁၃၇၃ ခုနှစ်”အား “၁၃၇၄ ခုနှစ်”ဟုပြင်ဆင်၍ ပြဋ္ဌာန်းပြီးသော ဥပဒေများနှင့်ညီညွတ်မှုရှိစေရန် “ထိရောက်စွာ”၏ စကားရပ်နောက်တွင် “အကောင်အထည်ဖော်” ဟုဖြည့်စွက်၍ “အောက်ပါဥပဒေ” ဆိုသည့် စကားရပ်အစား “ဤဥပဒေ”ဟု ပြင်ဆင်ပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇ နှင့်ညီညွတ်စေရန် အတွက် အခန်း (၁) ခေါင်းစဉ်ရှိ “အာဏာတည်သည့် နေ့ရက်” စကားရပ်နှင့် အပိုဒ် ၁ အပိုဒ်ခွဲ (ခ) အား ပယ်ဖျက်ခဲ့ပါသည်။

(ဂ) အပိုဒ် ၂ တွင်ပါရှိသော “ဤဥပဒေပါ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ဝင်စေရမည်” -ဆိုသည့် စကားရပ်အား ဥပဒေရေးထုံးနှင့် ဆီလျော်

စေရန် "ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်" ဟု ပြင်ဆင်ခဲ့ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(က) သည် အပိုဒ် ၁ တွင် အကျုံးဝင်၍ ပယ်ဖျက်ပြီး အပိုဒ် ၂ အပိုဒ်ခွဲ(ခ)အား အရေးအသားကျစ်လစ်စေပြီး ပိုမိုကျယ်ပြန့်ရှင်းလင်းစေရန်အတွက် "ပညာရေးစနစ်ဆိုသည်မှာ ကျောင်းတွင်းပညာရေး(Formal Education)၊ ကျောင်းပြင်ပ ပညာရေး (Non Formal Education) ၊ ကိုယ်တိုင်သတ်မှတ် သင်ယူပညာရေး (Informal Education) တို့တွင်ပါဝင်သည့် ပညာရေးစနစ် တစ်ရပ်လုံးကိုဆိုသည်" ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(င) ဥပဒေရေးထုံးနှင့်အညီဖြစ်စေရန်အတွက် အပိုဒ် ၃ ရှိ "ကော်မတီကိုဖွဲ့စည်းရမည်" စကားရပ်အား "ကော်မတီကို ဖွဲ့စည်းပေးရမည်" ဟု ပြင်ဆင်ပါသည်။

(စ) ရှေ့နောက်ညီညွတ်မှုရှိစေရန်နှင့် ဥပဒေရေးထုံးဖွဲ့မှုနှင့်အညီဖြစ်စေရန်အတွက် အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ရှိ "သုံးနှစ်ဖြစ်စေရမည်" စကားရပ်အစား "သုံးနှစ်ဖြစ်သည်" ဟု ပြင်ဆင်ပါသည်။

(ဆ) နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ သုတေသနဆိုင်ရာ လမ်းညွှန်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပိုဒ် ၅ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၇) အောက်တွင် အပိုဒ်ခွဲငယ် (၈)အဖြစ် "လက်တွေ့ ကွင်းဆင်း ပညာရေး သုတေသနပြုလုပ်သော အဖွဲ့အစည်းများဖွဲ့စည်းလျက် ပညာရေးသုတေသန အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရနှင့် ပြည်သူသို့ အစီရင်ခံခြင်း" ဟု အသစ်ထပ်မံဖြည့်စွက်ခဲ့သဖြင့် မူလအပိုဒ်ခွဲငယ် (၈)သည် အပိုဒ်ခွဲငယ် (၉) ဖြစ်သွားပါသည်။

(ဇ) နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းလျက်ရှိသော ခေတ်စနစ်နှင့်အညီ အမျိုးသား ပညာရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် အတွက် အပိုဒ် ၅ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁၀)အဖြစ် "ပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းစဉ်

များအားအစဉ်အမြဲ ခေတ်မီနိုင်စေရေးအတွက် လိုအပ်သည့် သုတေသန အစီအမံများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခြင်း” နှင့် အပိုဒ်ခွဲငယ် (၁၁)အဖြစ် ပညာရပ် ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခြင်း” စကားရပ်တို့အား အသစ်ထပ်မံ ဖြည့်စွက်ပါသည်။

(ဈ) အပိုဒ် ၅ အပိုဒ်ခွဲ (ခ)အား အရေးအသားကျစ်လစ်စေပြီး ရှင်းလင်းစေရန်အတွက် “ဖွဲ့စည်းနိုင်သည့်အပြင်”စကားရပ်အစား “ဖွဲ့စည်းရမည့်အပြင်” ဟု လည်းကောင်း၊ “လွှဲအပ်တာဝန်ပေးနိုင်သည်”စကားရပ်အစား “လွှဲအပ်တာဝန်ပေးရမည်” ဟု ပြင်ဆင်ပါသည်။

(ည) ရှေ့နောက်ညီညွတ်မှုရှိစေရန်နှင့် ဥပဒေရေးထုံးဖွဲ့မှုနှင့်အညီဖြစ်စေရန် အခန်း (၄) အဖြစ် “ဘဏ္ဍာရေး”ခေါင်းစဉ်အားအသစ်ထပ်မံဖြည့်စွက်ပြီး အပိုဒ်၆ အဖြစ်-

(က) မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနသည်ဌာန၏ ဝင်ငွေ ထွက်ငွေများနှင့်စပ်လျဉ်း၍အခြားပြည်ထောင်စုအစိုးရဌာနများနည်းတူ ရသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရထံ တင်သွင်း ရမည်။

(ခ) မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနသည်ဌာန၏ ဝင်ငွေအားလုံးကို ပြည်ထောင်စု အစိုးရ ငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

(ဂ) မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာနသည်ဌာန၏ အသုံးစရိတ် များကို ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်။

(ဃ) မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့ဦးစီးဌာနသည် သုတေသနလုပ်ငန်းများမှ ရရှိငွေများ၊ နိုင်ငံတကာမှလှူဒါန်း ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သီးခြားရန်ပုံငွေစာရင်း တည်ထောင်နိုင်သည်။ အဆိုပါရန်ပုံငွေစာရင်းမှပညာရေးသုတေသနလုပ်ငန်း

များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် မူဝါဒကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် စနစ်တကျ သုံးစွဲနိုင်သည်" ဟု ပြင်ဆင်ပါသည်။

(၃) မူလဥပဒေအခန်း (၄)အား "အထွေထွေ" အခန်း(၅) "အထွေထွေ"ဟု ပြင်ဆင်ပြီး ၊ မူလ အပိုဒ် ၆ စကားရပ်အား အပိုဒ် ၇ ပြောင်း၍ "ဤဥပဒေပါ" ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုပညာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်" ဟု အသစ်ဖြည့်စွက်ပါသည်။

(၄) ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် မူလအပိုဒ် ၇ အား အပိုဒ် ၈အဖြစ် ပြောင်း၍ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) မြန်မာနိုင်ငံပညာရေးသုတေသနဥပဒေ (၁၉၇၃ ခုနှစ် ပြည်ထောင်စု မြန်မာ နိုင်ငံတော်လှန်ရေးကောင်စီဥပဒေ အမှတ် -၁၅)

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၁၉၈၃ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၆)

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် -၂၁) ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် "၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်း"ကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခဲ့ပြီး လွှတ်တော်မှ အတည်ပြုဆုံးဖြတ်နိုင်ရန် နည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ကျေးဇူးပါရှင့်။

(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တင်သွင်းသော ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၁၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ၂၀၁၂ ပညာရေးသုတေသနဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံ ကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၀-၇-၂၀၁၂ ရက် ၁၃၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်း ထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၂၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် ပညာရေးမြှင့်တင်မှု ကော်မတီကတင်သွင်းသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေ ကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက် ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းသည့်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ဆိုင်ရာ သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲများအလိုက် ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းတဲ့ဥပဒေကြမ်း ကော်မတီနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းရန် ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၂၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် ပညာရေးမြှင့်တင်မှု ကော်မတီကတင်သွင်းတဲ့ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းသည့်အတိုင်း အတည် ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေး ခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုစတင်ဆောင်ရွက်ပါမယ်။ ခေါင်းစဉ်နဲ့စပ်လျဉ်းပြီး ပြင်ဆင်အဆို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်းရဲ့ ပြင်ဆင်ရန်တင်ပြချက်ဇယား အမှတ်စဉ်(၁) ကို ပြင်ဆင်ချက်အဆိုတင်သွင်း သွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ပြဋ္ဌာန်းတဲ့ ခုနှစ်ဖြစ်တဲ့ ၁၃၇၃ ခုနှစ်အစား ယခုအချိန် အခါနဲ့ ဆီလျော်စေရန်အတွက် ၁၃၇၄ ခုနှစ်ဟု ပြင်ဆင်မှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ပြဋ္ဌာန်း ပြီးတဲ့ ဥပဒေများရဲ့ ရေးထုံးများနှင့်ညီညွတ်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်ဟူသော စကားရပ်အစား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု အတည်ပြုပေးနိုင်ပါရန် ပြင်ဆင်ချက်အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ရဲ့ သဘောထားကို ပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ပြင်ဆင်ချက်အပေါ်မှာ ပညာရေးဝန်ကြီးဌာနက သီးခြားကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ခေါင်းစဉ်သည် မူလပြဋ္ဌာန်းချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁ အပိုဒ်ခွဲ (ခ) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုပြင်ဆင်ချက်ဇယား အမှတ်စဉ် (၂) နဲ့ပတ်သက်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ အခန်း(၁) မူလခေါင်းစဉ်မှာ အမည်၊ အာဏာတည်သည့်ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ဖော်ပြထားပါတယ်။ ယခု ဤဥပဒေဟာ ပြဋ္ဌာန်းတဲ့နေ့မှာ အာဏာတည်စေရန် ရည်ရွယ်ချက်ရှိကြောင်း သိရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇ တွင် ထိုဥပဒေတွင် သီးခြားဖော်ပြထားချက် မပါရှိလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်ဟု ဖော်ပြထားတဲ့အတွက် ဤပုဒ်မနဲ့ ဆီလျော်မှုရှိစေရန်အတွက် အခန်း(၁) ခေါင်းစဉ်အား အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်ဟု အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ပြင်ဆင်ချက် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအဖွဲ့အစည်းဝင်ရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အခမ်းအနားအစီအစဉ်များကို ၁၅း၁၀ နာရီမှာ ဆက်လက် ကျင်းပမှာ ဖြစ်ပါတယ်ခင်ဗျား။

[အစည်းအဝေးကို မိနစ်(၃၀)ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ကို ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားများကိုင်ပြီး ဆက်လက်ဆောင်ရွက်ပါမယ်။ စာမျက်နှာ(၁) အစီအစဉ် ၁ နှင့် ၂ ပြီးပါပြီ။ အစီအစဉ်၃ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း အမှတ်စဉ် ၃ အခန်း(၁) ပုဒ်မ ၁ ပုဒ်မခွဲ(ခ) ရှိ မူလဥပဒေကြမ်းဖော်ပြချက်သည် ပြည်ထောင်စုအစိုးရ ကဟူသော စကားစုအစား ပြည်ထောင်စုအစိုးရအဖွဲ့ကဟု ပြင်ဆင် ပြောင်းလဲသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစိုးရအဖွဲ့ကိုယ်စားလှယ် သဘောပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်း အမှတ်စဉ် ၄ အခန်း(၁) ပုဒ်မ ၁ ပုဒ်မခွဲငယ် (စ) ရှိ ပုဒ်မခွဲ (ဂ)ကို ပယ်ဖျက်သင့်ကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဤပုဒ်မမှာဆိုရင် အခန်း(၁) အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

ဟု ပြင်ဆင်အတည်ပြုပြီး ဖြစ်ပါသောကြောင့် အဆိုပါအချက်အား ပယ်ဖျက်ပေးပါရန် ပြင်ဆင်အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုကိုယ်စားလှယ်သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း မူလပြဋ္ဌာန်းချက်တွင် အမှတ်စဉ်၅ အခန်း(၁) အပိုဒ် ၂ တွင် ဤဥပဒေပါ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ (က) စာမေးပွဲဆိုသည်မှာ ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ အခြေခံပညာရေးဟုသတ်မှတ် သော အဆင့်အတန်းကုန်ဆုံးသည့်အခါ ဤဥပဒေအရ မြန်မာနိုင်ငံစာစစ်အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရက အဆိုပါစာစစ်အဖွဲ့သို့ တာဝန်တစ်ရပ် လွှဲအပ်၍ စစ်ဆေးသော အခြားစာမေးပွဲကိုသော် လည်းကောင်းဆိုသည်ဟု ဖော်ပြထားရှိပါတယ်။ မိမိတို့ဥပဒေကြမ်းကော်မတီအနေဖြင့် အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးသည့်အခါဆိုသည့် စကားရပ်ကို ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ မိမိတို့ ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေ တစ်ရပ်ပြဋ္ဌာန်းတဲ့နေရာမှာ အရေးအသားဟာ အများပြည်သူနားလည်သဘောပေါက်စေရန်၊ ရှင်းလင်း လွယ်ကူစေရန်၊ ဥပဒေရေးထုံးညီညွတ်စေရန်နှင့် စကားလုံးကျစ်လျစ်မှု၊ တိုက်ရိုက်ဖြစ်မှု၊ အစီအစဉ် ကျနမှုတို့အတွက် ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုကိုယ်စားလှယ်သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အစီအစဉ် ၆ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်း မူလပြင်ဆင်ချက်တွင် အမှတ်စဉ် ၆ အခန်း(၁) အပိုဒ် ၂တွင် (ခ) စာစစ်အဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံစာစစ်အဖွဲ့ကိုဆိုသည်လို့ ဖော်ပြပါရှိပါတယ်။ မိမိတို့ ဥပဒေကြမ်းကော်မတီအနေဖြင့် စာစစ်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စာစစ်အဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်ရန်တင်ပြထားပါတယ်။ မိမိတို့ ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းတစ်ရပ် ပြဋ္ဌာန်းရာမှာ ဥပဒေရေးထုံးညီညွတ်စေရန် တိကျပြီး အများပြည်သူနားလည် ဖတ်ရှုနိုင်စေရန်၊ စကားလုံးကျစ်လျစ်စေရန်အတွက် ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်က သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အစီအစဉ် ၇ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်းအမှတ်စဉ် ၇ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) မူလအဆိုပြုချက်မှာ ဒေသဆိုင်ရာစာစစ်အဖွဲ့ဆိုသည်မှာ စာမေးပွဲများ ကျင်းပစစ်ဆေးရာတွင် စာစစ်အဖွဲ့က လိုအပ်သလို တာဝန်ခွဲ၍ ဆောင်ရွက်စေသည့် ပုဒ်မ ၄(ခ) အရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်ဟူ၍ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ မူလအဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ရည်ညွှန်းရေးထုံးဖွဲ့မှုမှန်ကန်စေရန် နှင့် အပိုဒ် ၂ အပိုဒ်ခွဲ (ခ)နှင့် တစ်ပြေးညီဖြစ်စေရန်အလို့ငှာ ပုဒ်မ ၄(ခ)အရ ဆိုသည့်စကားရပ်အား ပယ်ဖျက်ပြီး ဤဥပဒေအရဟူ၍ ပြင်ဆင်သင့်ပါတယ်။ သို့ပါ၍ ဒေသဆိုင်ရာစာစစ်အဖွဲ့ ဆိုသည်မှာ စာမေးပွဲများ

ကျင်းပစစ်ဆေးရာတွင် စာစစ်အဖွဲ့က လိုအပ်သလို တာဝန်ခွဲ၍ ဆောင်ရွက်စေသည့် ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်ဟူ၍ ဖြစ်ပါကြောင်း အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်က သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) မူလအဆိုပြုပြဋ္ဌာန်းချက်တွင် မသမာသောနည်းနဲ့ ပတ်သက်ပြီး ကျိုးကြောင်းဖော်ပြချက်များနှင့်သာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ပြင်ဆင်အဆိုပြုချက်တင်သွင်းလိုသည်မှာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၈ အခန်း(၂)ရဲ့ အပိုဒ်ခွဲ(ဃ) ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းလိုသည့် ပြင်ဆင်ချက်မှာ မူလဥပဒေကြမ်းတွင် ပါရှိသော (ဃ)အား ပယ်ဖျက်ရန် သို့မဟုတ် အစားထိုးရန်မဟုတ်ပါ။ အကျိုးအကြောင်းဖော်ပြချက်နှင့်စပ်လျဉ်း၍ ကန့်လန့်ဖြတ်ဇယား၏ စာမျက်နှာ ၄ အမှတ်စဉ် ၂၁ ကို ကြည့်စေလိုပါတယ်ခင်ဗျား။ ကန့်လန့်ဖြတ်ဇယား၏ စာမျက်နှာ ၄ အမှတ်စဉ် ၂၁ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိပါတယ်။ စာစစ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများ၊ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကို စီမံခန့်ခွဲရမည့်ဆိုတာဖြစ်တဲ့အတွက် ပြဋ္ဌာန်းထားသည့် စည်းကမ်းဆိုတာ အဲဒီမှာပါပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလဥပဒေကြမ်းမှာရှိတဲ့ ၂(ဃ)မှာ ပါတဲ့ ကန့်သတ်ချက်အပိုဒ် ၁၁ ပိုဒ်စလုံးဟာ ဥပဒေမှာတစ်ပါတည်း ထည့်သွင်းချင်တယ်ဆိုရင်လည်း ခုနဖော်ပြတဲ့အပိုဒ် ၄(က)ရဲ့အောက်မှာ တစ်ပါတည်း ထည့်လို့ရရင် ရပါတယ်။ သို့မဟုတ် နည်းဥပဒေ

ကျမှသာ အဲဒီ ၁၁ ချက်စလုံးကိုသော်လည်းကောင်း၊ ထပ်မံပြင်ဆင်ချက် ရှိရင်သော်လည်းကောင်း ထည့်လိုရပြီးတော့ ဥပဒေပုံစံကျသွားမှာ ဖြစ်တဲ့အတွက် ရှေ့ကပြင်ဆင်ချက်တင်သွင်းမယ့် ၂(ဃ)ဟာ မသမာသော နည်းဆိုသည်မှာ စာမေးပွဲဖြေဆိုသူများလိုက်နာရန် ထုတ်ပြန်ထားသည့် စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ဖြေဆိုခြင်းကို ဆိုသည်ဆိုတဲ့စကားရပ်ကပဲ ကျစ်ကျစ်လျစ်လျစ်နဲ့ ဥပဒေတစ်ခုလုံး ကို ခြုံငုံမိသွားမှာ ဖြစ်တဲ့အကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်က ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မူလပြဋ္ဌာန်းချက် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(င) မသမာနည်းအားလုံး ၁၀ ချက်ရှိပါတယ်။ ဒီ ၁၀ ချက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးက ပုဒ်မ ၄ ပုဒ်မခွဲ(က)မှာ သီးခြားဖော်ပြဖို့ လိုပါတယ်။ အနှစ်သာရအားဖြင့် မပြောင်းလဲတဲ့အတွက် ဝန်ကြီးဌာန အနေနဲ့တော့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဒုတိယဝန်ကြီးအနေနဲ့ သဘောတူတယ်ဆိုတာက ဦးဝင်းသန်းရဲ့ ဆွေးနွေးချက်ကို သဘောတူတာလား။ သို့မဟုတ်ရင် ဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးချက်ကို သဘောတူတာလား။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးချက် ကို သဘောတူတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့အမည်ဟာ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေ တစ်ခုလုံးရဲ့ အနှစ်သာရဟာ စာမေးပွဲစစ်မေးခြင်းနဲ့သာ အဓိကသက်ဆိုင်ပါတယ်။ အခု ဦးဝင်းသန်း တင်ပြတဲ့ မသမာသောနည်းဖြင့် စာမေးပွဲဖြေဆိုတဲ့အချက်များကို မူလဥပဒေမှာ ၁၁ ချက်ရှိတဲ့အပြင် ထပ်မံ၍ ပညာရေးနှင့်သက်ဆိုင်တဲ့ အတွေ့အကြုံရှိတဲ့ ဆရာကြီးများဟာလည်း ထပ်မံဖြည့်စွက် ပြင်ဆင်ပေးထားတဲ့ အချက်များရှိပါတယ်။ အကြံပြုထားတဲ့ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ အကြံပြုချက်ဟာ ကောင်းပါတယ်။ အဓိပ္ပါယ်လည်း ဆီလျော်ပါတယ်။ သို့သော်လည်း ဒီဟာကို တစ်နေရာရွှေ့ပြောင်းပြီးတော့ လုပ်မယ်ဆိုပါက ဒီဥပဒေကို စာသားအထားအသိုများ ပြင်ရဦးမှာလည်း ဖြစ်ပါတယ်။ လက်ရှိအတိုင်းထားပြီးတော့ ဆောင်ရွက်ခြင်းဟာ ဦးဝင်းသန်းရဲ့ အဓိပ္ပာယ်ဆိုလိုချက်ကိုလည်း အတူတူပဲ ဖြစ်ပါတယ်။ (ဃ) မှာပါတဲ့ မသမာသောနည်းဆိုသည်မှာ

စာမေးပွဲဖြေဆိုသူတစ်ဦးသည်ဆိုတဲ့အချက် ၁၁ ချက်စလုံးကိုလည်း မေ့မှိန်လို့မဖြစ်ဘူးလို့ ဒါလေးတင်ပြလိုပါတယ်။ တစ်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးအနေနဲ့ လက်ရှိအတိုင်းထားတာကို ထောက်ခံထားတဲ့အတွက် မေတ္တာရပ်ခံလိုတာကတော့ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်ရဲ့ အကြံပြုချက်ကို နောက်သက်ဆိုင်တဲ့ အပိုဒ် ၂၁ မှာ စာသားပြင်ဆင်ခြင်းနဲ့ပဲ ထားပြီးတော့ အပိုဒ်(ဃ)ကိုတော့ ဥပဒေကြမ်းကော်မတီရဲ့ မူလထားရှိတဲ့ မသမာသောနည်းဆိုသည်မှာ စာမေးပွဲဖြေဆိုသူတစ်ဦးသည် ဆိုတဲ့အတိုင်း ထားရှိပေးပို့ ထပ်မံပြင်ဆင်ချက်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုတင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ ဦးဝင်းသန်း သဘောပြောပါ။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ ဥပဒေကြမ်းကော်မတီမှ တင်ပြချက်ဟာ ကျွန်တော်တင်သွင်းသော အဆိုကို မပြောင်းလဲဘူးဆိုသော်လည်း ဒီအပိုဒ် (ဃ)ကို တင်ပြထားတဲ့အဓိပ္ပါယ်တိုင်းဟာ ဒီနေရာမှာ မထားရင် နောက်မှာ ရွှေ့လို့ရှိရင်လည်း စာပိုဒ်တစ်ပိုဒ်အနေနဲ့ အပိုသာ ဖြစ်မှာဖြစ်တဲ့အတွက် ဒီအတိုင်းပဲထားဖို့ ဥပဒေကြမ်းကော်မတီနဲ့ ပြည်ထောင်စုကနေပြီးတော့ အဆိုတင်သွင်းတယ်ဆိုရင်လည်း ကျွန်တော့်အနေနဲ့ ရုပ်သိမ်းဖို့အတွက် အခက်အခဲမရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြချက်၊ တစ်ခါ ပြည်ထောင်စုအဆင့်က ပြန်လည်တင်ပြချက်နှင့် ဦးဝင်းသန်းရဲ့ ရှင်းလင်းချက်ပေါ်မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ ဒေါက်တာစိုးရင်တို့က တင်ပြဖို့ ဖြစ်ပါတယ်။

( )။ ။လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်က ခရီးသွားနေတာဖြစ်တဲ့အတွက် သူ့ရဲ့ကိုယ်စား၊ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပူးပေါင်းတင်ပြပါမယ်။ မူလဥပဒေ ပြဋ္ဌာန်းချက်ရဲ့ အပိုဒ် ၅ မှာ ICT သို့မဟုတ် အခြားသောနည်းပညာတစ်ခုခုဖြင့် ရယူဖြေဆိုခြင်းဆိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာ ပါရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက နည်းပညာတစ်ခုခုဖြင့် ရယူဖြေဆိုခြင်းလို့ အဆိုပြုပြဋ္ဌာန်းပြီးတော့ ဒေါက်တာစိုးရင်က နည်းပညာတစ်ခုခုကို အသုံးချပြီးဖြေဆိုခြင်းလို့ တင်ပြထားတာရှိပါတယ်။ နည်းပညာတစ်ခုခုကို အသုံးချပြီးဖြေဆိုခြင်းဟာ ပိုမိုလျော်ကန်သင့်မြတ်ကြောင်း ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ဒီစကားကို ထောက်ခံပါကြောင်း ပူးတွဲတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဒေါက်တာစိုးရင်ရဲ့ အဆိုပြုချက်ဖြစ်သော နည်းပညာတစ်ခုကို အသုံးချပြီး ဖြေဆိုခြင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်(ပြည့်ဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဒေါက်တာဒေါ်အေးမြင့်၊ ဒေါက်တာဦးစိုးရင်တို့က တင်ပြပေးဖို့ ဖြစ်ပါတယ်။

**( )**။ ။ အမှတ်စဉ် ၁၀။ ဥပဒေကြမ်းရဲ့ အခန်း(၁)အပိုဒ် ၂ နံပါတ် ၉ မှာ အဖြေလွှာတွင် ညစ်ညမ်းစွာ ရေးသားထားခြင်း ဖြစ်ပါတယ်။ အဖြေလွှာတွင် ညစ်ညမ်းစွာ ရေးသားထားခြင်းအားဖြင့် ရေးသားတဲ့အချက်ပေါ်မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ အဖြေလွှာအား စုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင်ပြုမူဆောင်ရွက်ခြင်းဆိုတဲ့အချက်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ဒါပြင်ဆင်ချက် အဆိုကို တင်ပြထားပါတယ်။ ဒီပြင်ဆင်ချက်အဆိုမှာပဲ ရွှေတောင်မဲဆန္ဒနယ်မှ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့်က အဖြေလွှာတွင် မေးခွန်းကို ဖြေဆိုမည့် အကြောင်းအရာနှင့် မသက်ဆိုင်သည်များကို ညစ်ညမ်းစွာဖြစ်စေ၊ သရော်ပျက်ချော်စွာဖြစ်စေ ရေးသားထားခြင်း၊ အဖြေလွှာအား စုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင်ဆောင်ရွက်ခြင်းဆိုပြီးတော့ ပြင်ဆင်ချက်အဆို တင်ထားပါတယ်။ အလားတူပဲ ဆရာကြီးဒေါက်တာစိုးရင်က အဖြေလွှာအား စုတ်ဖြဲခြင်း၊စစ်ဆေး၍ မရအောင်ဆောင်ရွက်ခြင်းနှင့် အဖြေလွှာပေါ်တွင် ညစ်ညမ်းစွာ ရေးသားထားခြင်းဆိုပြီးတော့ စီရင်ချက်အဆိုတင်ထားပါတယ်။ အလားတူပဲ ကန့်ဘလူမဲဆန္ဒနယ်မှ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက အဖြေလွှာပေါ်တွင် ညစ်ညမ်းစွာရေးသားထားခြင်း သို့မဟုတ် စုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင်ပြုမူ ဆောင်ရွက်ခြင်းဆိုပြီးတော့ ပြင်ဆင်ချက်အဆိုတင်ထားပါတယ်။ ပြင်ဆင်ချက်အဆိုမှာ ထပ်ဆင့်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နည်းတူ ထပ်မံပြီးတော့ ဖြည့်စွက်ထားတဲ့ အဖြေလွှာအား စုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင်ပြုမူခြင်းနှင့် ညစ်ညမ်းစွာ ဆောင်ရွက်ခြင်းဆိုတဲ့ စာသားဖြည့်စွက် ခြင်းဟာ ဥပဒေကြမ်း ကော်မတီအနေနဲ့ လျော်ကန်သင့်မြတ်၍ ထောက်ခံပါကြောင်းတင်ပြလိုပါတယ်။ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့်ရဲ့ ဖြည့်စွက်ချက်မှာပါတဲ့ သလျော်ပျက်ချော်စွာဖြစ်စေ ရေးသားထားခြင်းဆိုတဲ့ တင်ပြချက်ကိုလည်း ဥပဒေဆိုင်ရာစကားမဟုတ်သော်လည်း ဒီအဓိပ္ပါယ်ကို သက်ရောက်တဲ့ ပြင်ဆင်မှုမျိုးကို လက်ခံနိုင်ပါကြောင်း ဥပဒေကြမ်းကော်မတီအနေနဲ့ ခြုံငုံသုံးသပ် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့် ဆွေးနွေးပေးပါ။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)။** ။ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း အမှတ်စဉ် ၁၀ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ ၉ မှာ အဖြေလွှာအား စုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင် ပြုမူဆောင်ရွက်ဟု ပြင်ဆင်ထားခြင်းကို အဖြေလွှာတွင် မေးခွန်းကို ဖြေဆိုရမည့် အကြောင်းအရာနှင့် မသက်ဆိုင်သည့်သူများကို ညစ်ညမ်းစွာဖြစ်စေ၊ သလျှော်ပျက်ချော်စွာဖြစ်စေ ရေးသားထားခြင်းဟု ဖြည့်စွက်တင်ပြပါသည်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာစာဘာသာရပ်မှာ ကြုံတွေ့ရတဲ့ ဖြစ်ရပ်များစွာထဲက သလျှော်ပျက်ချော်စွာ၊ ညစ်ညမ်းစွာဆိုတဲ့ သဘောတွေပါတဲ့ ဖြစ်ရပ်တွေများစွာ ထဲက ဥပမာ ၂ ခုလောက်ကို တင်ပြခွင့်ပြုပါ။ တက္ကသိုလ်ဝင်စာမေးပွဲအဖြစ် မြန်မာစာ အဖြေလွှာ ကောက်လှိုင်းထိုးဆိုတဲ့ လယ်ယာသုံးဝေါဟာရတစ်ခုမေးဖူးပါတယ်။ အဲဒါကို ကျောင်းသားက ဘယ်လို ဖြေထားလည်းဆိုတော့ လှိုင်းများပေါ်တွင် ကျွမ်းထိုးနေသော ကိုကောက်ဆိုပြီးတော့ သူ့ထင်သလို အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ညီလာခံကျတော့ အကိုတွေပြန်သွားလို့လို့ ဒီလိုဖျက်လို့ဖျက်ဆီး အဓိပ္ပါယ်ဖွင့်ဆိုထားမှုတွေ ရှိပါတယ်။ အဲဒီတော့ ဒါတွေဟာ မြန်မာတို့ရဲ့ ဓလေ့ထုံးစံ ပျော်တတ်တာပဲ လို့ ပြင်ပမှာဆိုရင် ခွင့်လွှတ်နိုင်စရာရှိသော်လည်း စာမေးပွဲဆိုတဲ့ နေရာမှာတော့ ဒီလိုပျော်တတ် ခြင်းဟာ နောက်အခါမှာ အရာရာ ပေါ့ပေါ့တန်တန်သဘောထားတတ်တဲ့ လူပျက်ကလေးတွေ ဖြစ်သွား မှာကို စာစစ်စည်းကမ်း တစ်နည်း စာစစ်အဖွဲ့ဥပဒေ အဖြစ်နဲ့ ကြပ်ကြပ်မတ်မတ် ယူဆပါသော်ကြောင့် ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ညြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆရာကြီးဒေါက်တာချမ်းငြိမ်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာချမ်းငြိမ်း(ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ရဲ့ ပဏာမအဆိုပြုချက်မှာ အဖြေလွှာတွင် ညစ်ညမ်းစွာရေးသားထားခြင်းဆိုတာကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ချန်လပ်ထားခဲ့တဲ့အတွက် ညစ်ညမ်းစွာ ရေးသားထားခြင်းဆိုတဲ့ အဖြေလွှာက နှစ်စဉ်တွေ့နေရတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒါကို ပြန်လည်ပြီးတော့ ထည့်နိုင်အောင်လို့ ကျွန်တော်တို့ ညစ်ညမ်းစွာ ရေးသားထားခြင်းနှင့် စုတ်ဖြဲခြင်းကို နှစ်ခုလုပ်ပြီးတော့ အဆိုပြုခြင်း ဖြစ်ပါတယ်။ အဆူပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်မှာ ညစ်ညမ်းစွာရေးသားထားပါဝင်တာ ရှိပါတယ်။ ဆရာမကြီး အဆိုပြုတဲ့အထဲမှာလည်းပါပါတယ်။ အဲဒါက ဘယ်ဟာပဲလုပ်လုပ် ကျွန်တော် အနေနဲ့ ညစ်ညမ်းစွာရေးသားထားခြင်းဆိုတာက ပြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ဒါကိုချန်လပ်မထားဖို့ ထပ်မံ အဆိုပြုခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒီလောက်ပါပဲခင်ဗျား။(ညြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအဆင့်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ မူလပြဋ္ဌာန်းချက်မှာ ညစ်ညမ်းစွာရေးသားထားခြင်းတစ်ခုပဲ စာစစ်ဥပဒေမှာရှိပါတယ်။ အားလုံးစုပေါင်းပြီးမှ ပိုပြည့်စုံအောင်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ အဖြေလွှာမှာ ညစ်ညမ်းစွာရေးသားခြင်း သို့မဟုတ် စုတ်ဖြဲခြင်း သို့မဟုတ် စစ်ဆေး၍ မရအောင်ပြုမူဆောင်ရွက်ခြင်းဆိုပြီးတော့ ထပ်ဖြည့်ပြီးတော့ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့်ကလည်း ကလေးတွေရဲ့ အနာဂတ်စာရိတ္တပိုင်းဆိုင်ရာ ထိန်းသိမ်းဖို့အတွက် သရော်ပျက်ချော်စွာဆိုတဲ့အပိုင်းကိုလည်း ညစ်ညမ်းတဲ့မသမာတဲ့နည်းမှာထည့်ဖို့ ပြောပါတယ်။ ပညာရေးဌာနအနေနဲ့ ဒီ ၄ ခုလုံးထည့်မယ်ဆိုတဲ့ ထည့်သွင်းအသုံးပြုလို့ရကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီ ဒေါက်တာဒေါ်အေးမြင့်၊ ဒေါက်တာစိုးရင်၊ ဒေါက်တာချမ်းငြိမ်းတို့အနက် ဘာဟာကိုပိုပြီးတော့ လက်ခံလိုပါသလဲ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ဆရာကြီးဒေါက်တာချမ်းငြိမ်းကတော့ ၃ ချက်ပါ။ ညစ်ညမ်းစွာရေးသားခြင်း၊ စုတ်ဖြဲခြင်း၊ စစ်ဆေးမရအောင်ပြုမူခြင်းပါ။ အဲ့ဒီ ချက်စလုံးလည်းထည့်ပါမယ်။ အလားတူပဲ သရော်ပျက်ချော်စွာရေးခြင်းဆိုတာလည်း ထည့်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအနေနဲ့ ပိုမိုပြည့်စုံတယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ ၄ မျိုးစလုံးထည့်မယ်ဆိုရင် ကလေးတွေအတွက် ပိုပြီးတော့ ထိရောက်မယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရှင်တွေဆွေးနွေးထားတာဖြစ်ပါတယ်။

**ဦး** ။ ။ ဆရာကြီးဒေါက်တာစိုးရင်ရဲ့ အဖြေလွှာအားစုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင်ဆောင်ရွက်ခြင်းနှင့် အဖြေလွှာအပေါ်တွင် ညစ်ညမ်းစွာရေးသားထားခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ဟာတော့ ကျွန်တော်တို့ ဒီအပိုဒ်ဟာ ပိုမိုလျော်ကန်သင့်မြတ်မယ်လို့ လွှတ်တော်ကိုယ်စားလှယ်များရော၊ ပြည်ထောင်စုဝန်ကြီးများရော ထပ်မံပြီးတော့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု တင်ပြတဲ့အချက်တွေပါအောင် ဒီမှာတစ်ခါတည်း စာကြောင်းကို ပြင်လိုက်ဖို့ပဲလိုပါတယ်။ Sprit of Law နဲ့ နောက် Letter ပေါ့လေ။ ဒီအကြောင်းအရာက အရေးကြီးတာက ရည်ရွယ်ချက်ပေါက်အောင်ရေးဖို့ဖြစ်ပါတယ်။ ဒါဆိုရင် ဘယ်စကားလုံးကိုသုံးပြီးတော့ အားလုံးပြည့်စုံအောင် အဓိပ္ပာယ်ပါအောင်ရေးမလဲဆိုတာကို စဥ်းစားထားပါ။ သက်ဆိုင်တဲ့ပုဂ္ဂိုလ်များ

ဒါကြောင့်မို့လို့ အမှတ်စဉ် (၁၀)ကို ခေတ္တရပ်ဆိုင်းပြီး အမှတ်စဉ် (၁၁) ကိုကူးပြောင်းပါမယ်။ အမှတ်စဉ် (၁၁) ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်ခင်ဗျား။ အမှတ်စဉ် (၁၁) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) အပိုဒ်ခွဲငယ် ၁၁ ဥပဒေကြမ်းကော်မတီက တင်သွင်းမည့် ပြင်ဆင်ချက်အဆိုမှာ မေးခွန်းကို စာမေးပွဲမတိုင်မီ မမှန်ကန်သောနည်းဖြင့် ကြိုတင်ရယူ၍ ဖြေဆိုခြင်းဆိုတဲ့အဆိုဖြစ်ပါတယ်။ မူလအဆိုကို တို့ကို ဆိုသည့်စကားရပ်ကိုဖြုတ်ပြီး အထက်အောက် ဥပဒေအပိုဒ်ခွဲငယ်များနှင့် ထပ်တူရှိစေရန်လည်းကောင်း ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်လည်းကောင်း မိမိတို့ဥပဒေကြမ်းကော်မတီမှ တင်သွင်းသောအဆိုအား အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်သဘောထားသိလိုပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ပြင်ဆင်ချက်ကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၁၂) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁)၊ အပိုဒ်ခွဲ ၁၂ အသစ်ထပ်မံပြုစုခြင်း ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာ မသမာသောနည်းများဟာ ခေတ်စနစ်ကိုလိုက်၍ နည်းအမျိုးမျိုးဖြင့် တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာတဲ့အခါမှာ သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် အပိုဒ်ခွဲအသစ်အနေဖြင့် အပိုဒ်ခွဲ ၁၂ အားဖြည့်စွက်၍ အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သည့်နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကိုဆိုသည် ဆိုသောအပိုဒ်ခွဲ ၁၂ အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်ရဲ့သဘောထားသိလိုပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ထပ်မံဖြည့်စွက်တဲ့အပေါ်မှာ သဘောတူကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်က သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၁၃) ဒေါက်တာဒေါ်အေးမြင့်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ အခန်း(၁) အမှတ်စဉ် (၁၀) အပိုဒ် ၂ အပိုဒ်ခွဲ ၉ မှာ ညစ်ညမ်းစွာဖြစ်စေ၊ သရော်ပျက်ချော်စွာဖြစ်စေ ရေးသားထားခြင်းဟူသော စကားရပ် ဥပဒေကြမ်းကော်မတီ၏ အဖြေလွှာအားစုတ်ဖြဲခြင်း၊ စစ်ဆေး၍မရအောင်ပြုမူဆောင်ရွက်ခြင်းဟူသောစကားရပ်များသည် မသမာသောနည်း၌ အလုံးစုံအကြုံးဝင်ပါရဲ့လားလို့ တွေးတောမိသဖြင့် စည်းကမ်းဖောက်ဖျက်မှုဟု သတ်မှတ်သုံးနှုန်းသင့်ကြောင်း အကြံပြုခဲ့ခြင်း ဖြစ်ပါတယ်။ ပထမက ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်ရဲ့ အမှတ်စဉ်(၈) အခန်း(၁) အပိုဒ် ၂(ဃ) ဟာ ကျွန်မပြင်ဆင်လိုတဲ့အယူအဆအတိုင်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မရဲ့ဒီအမှတ်စဉ်(၁၃) အပိုဒ် ၂ (င) ကို ရုပ်သိမ်းမယ်လို့ ကျွန်မပြင်ဆင်ထားတာပါ။ အခု ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က သူရဲ့အဆိုပြင်ဆင်ချက်ကို ရုပ်သိမ်းသွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မရဲ့ (င) စည်းကမ်းဖောက်ဖျက်မှုဆိုတာကို သင့်လျော်တဲ့နေရာမှာ ဒီနေရာမှာပဲဖြစ်စေ၊ သင့်လျော်တဲ့နေရာမှာပဲဖြစ်စေ ထည့်သင့်တယ်လို့ ကျွန်မအကြံပြုဖြည့်စွက်တင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ စာမေးပွဲဆိုတာဟာ စည်းကမ်းကိုအဓိကထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ စည်းကမ်းဖောက်ဖျက်တယ်ဆိုတာလေးကို တော့ကျွန်မထည့်ချင်ပါတယ်။ ဒါကို ကျွန်မအကြံပြုချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဒေါက်တာဒေါ်အေးမြင့်ရဲ့ ပြင်ဆင်ချက်အသစ်ဖြည့်စွက်ခြင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၁၄)

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီအမှတ်စဉ် (၁၂) ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်မှာ စာစစ်အဖွဲ့က မသမာသောနည်းဖြင့် အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကိုဆိုသည် ကျွန်တော်တို့ဒီပြင်ဆင်ချက် အမှတ်စဉ် (၁၁) မှာကျတော့ တို့ကိုဖြေဆိုသည် ဆိုသည်ကို ဖြုတ်ထားပါတယ်။ ဖြေဆိုခြင်းလည်း ရပ်ထားပါတယ်။ အမှတ်စဉ် (၁၂) မှာကျတော့ ဥပဒေကြမ်းကော်မတီက ဖြေဆိုခြင်းတို့ကိုဆိုသည်ဆိုတော့ ပထမတို့ကို ဆိုသည်ကို ဖြုတ်ပြီးတော့ ဒုတိယမှာကျတော့ တို့ကိုဆိုသည်လို့ ပြန်ပါနေပါတယ်။ ရှေ့နောက် မညီညွတ်ဘူးလို့ ကျွန်တော်က ထင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ပြီးတော့ ဆွေးနွေးပါ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၁ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မှာ မေးခွန်းကို စာမေးပွဲမတိုင်မီ မမှန်ကန်သောနည်းဖြင့် ကြိုတင်ရယူ၍ ဖြေဆိုခြင်း အဲဒီမှာ မူလပြဋ္ဌာန်းထားတဲ့မေးခွန်းကို စာမေးပွဲမတိုင်မီ မမှန်ကန်သော နည်းဖြင့် ကြိုတင်ရယူ၍ ဖြေဆိုခြင်းတို့ကိုဆိုသည်ကို ဖြုတ်ထားပါတယ်။ အခုတစ်ခါ ဖြည့်စွက် ပြင်ဆင်ချက်ဖြစ်တဲ့ အမှတ်စဉ် ၁၂ မှာကျတော့ စာစစ်အဖွဲ့က မသမာသောနည်းဖြင့် အခါ အားလျော်စွာ သတ်မှတ်သည့်နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကို ဆိုသည်ကို ပြန်တပ်ထားပါတယ်ခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ် တော်ကြီးဆွေးနွေးတဲ့ ဒီအပိုဒ် ၁၂ ဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ လည်း သတိပြုမိတဲ့အပိုဒ် ဖြစ်ပါတယ်။ ဒီအပိုဒ်ကိုဆွေးနွေးတဲ့အခါမှာ ၂(ဃ)ရဲ့ထိပ်ဆုံးကို သွားပြီးတော့ စကားဆက်ရ မှာဖြစ်ပါတယ်။ မသမာသောနည်းဆိုသည်မှာ စာမေးပွဲဖြေဆိုသူ တစ်ဦးဦးသည် အပိုဒ်ခွဲငယ် ၁၂ စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သည့်နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကို ဆိုသည်ဆိုတဲ့ Definition အဓိပ္ပာယ်ကို ကျွန်တော်တို့ဆိုတဲ့အတွက် နောက်ဆုံး ကျွန်တော်တို့ အပိုဒ်အားလုံးကို ဒီနောက်ဆုံး အပိုဒ်ခွဲငယ် ၁၂ နဲ့ပြန်ပိတ်ထားပြီးတော့ ချုပ်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီအပိုဒ်ကို ဘာကြောင့်ထည့်ရသလဲဆိုတဲ့ ရှင်းလင်းချက်ကို သေချာစွာပြန်ကြည့်မယ် ဆိုလို့ရှိရင် အပိုဒ် ၂(ဃ)ရဲ့ ခေါင်းစဉ်ရဲ့နောက်ဆုံးပိတ်ထားတာဖြစ်တယ် ဆိုတဲ့အကြောင်း လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မလိုအပ်ဘဲ အချိန်တွေ ကုန်ဆုံးမှု မရှိရအောင် ကျွန်တော်တို့အရင်ကဆောင်ရွက်ခဲ့တဲ့စနစ်အတိုင်း အခုလို ဥပဒေရဲ့အနှစ်သာရ မပျောက်ဘဲနဲ့ အရေးအသားပေါ်မှာ မူတည်ပြီးတော့ ကွဲလွဲချက်ရှိတာမျိုးကို ဥပဒေကြမ်းကော်မတီရယ်၊ သက်ဆိုင်ရာကော်မတီရယ်၊ ဆွေးနွေးတဲ့ပုဂ္ဂိုလ်များ သီးခြားဆွေးနွေးပြီးတော့ အရင်ကလုပ်သလိုပဲ တစ်ခါတည်း သေချာမှ လွှတ်တော်ကို တင်ပြတာပိုကောင်းမယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြုလုပ်တဲ့ဒီအစီအစဉ်ကို ဒီမှာရပ်နားပါမယ်။ ရပ်နားပြီးတော့ ယခင်လုပ်သည့်ပုံစံအတိုင်း ဥပဒေကြမ်းကော်မတီရယ်၊ သက်ဆိုင်ရာကော်မတီရယ်၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနရယ်၊ ဆွေးနွေးမယ့်သူများရယ် သီးခြားဆွေးနွေးပြီး အတည်ပြုချက်ရမှ ဆက်လက်တင်ပေးဖို့ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်(သောကြာနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၅း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]